# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၁၃ )၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း ၆ ရက် ၊ ၂၃-၃-၂၀၂၆၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အပတ်စဉ်ဗုဒ္ဓဟူးနေ့အား အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကို နေအိမ်မှသာဆောင်ရွက်ကြရန် သတ်မှတ်ကြေညာ

နေပြည်တော် မတ် ၂၂

၁။ အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာနိုင်သည့် စက်သုံးဆီရှားပါးမှုကို ကြိုတင်ကာကွယ်ရန် ရည်ရွယ်၍စုံ၊မ ယာဉ်သုံးစွဲသည့်စနစ်နှင့် စက်သုံးဆီဝယ်ယူသည့်စနစ်တို့ကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ သတ်မှတ်ကြေညာခဲ့သည့်နည်းတူ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စက်သုံးဆီတင်သွင်းရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် လုံလောက်သော စက်သုံးဆီအရန်ရှိသော်လည်း အနာဂတ်တွင်ဖြစ်လာနိုင်သော စွမ်းအင်ဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စက်သုံးဆီသုံးစွဲမှုကို ချွေတာလျှော့ချရန်ရည်ရွယ်က အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများသည် သက်ဆိုင်ရာရုံးဌာနများသို့ သွားရောက်ခြင်းမပြုဘဲ မိမိနေထိုင်ရာနေအိမ်၊ အဆောင်များတွင်သာ ရုံးလုပ်ငန်းဆောင်ရွက်ခြင်းအား ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစတင်ပြီး အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာလိုက်ပါသည်။ ထိုသို့ သတ်မှတ်ကြေညာခြင်းသည် စက်သုံးဆီချွေတာရန်ဖြစ်သည့် အားလျော်စွာ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် အဆိုပါရက်တွင် တာဝန်မှအပ ခရီးသွားလာမှုမပြုရန်နှင့် ယာဉ်သုံးစွဲမှုမပြုကြရန်ဖြစ်ပါသည်။

၂။ ပုဂ္ဂလိက အလုပ်ဌာနများအနေဖြင့်လည်း အစိုးရရုံးဌာနများနည်းတူ (work from home) ကဲ့သို့ လုပ်ဆောင်မှုမျိုးဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်သွားကြရန်ဖြစ်ပါသည်။

၃။ ဤကြေညာချက်သည် နောက်ထပ်ကြေညာချက် တစ်စုံတစ်ရာ မထုတ်ပြန်သရွေ့ အတည်ဖြစ်သည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

## (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် အထင်ကရနေရာများအား သွားရောက်ဖူးမြော်လေ့လာ

**နေပြည်တော် မတ် ၂၂**

(၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် အဖွဲ့သုံးဖွဲ့ခွဲ၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝဏ္ဏုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏှာတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာစစ်ရေးပြစစ်ကြောင်းများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက် ပိဋကတ်သုံးပုံတော်လာအဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ ROMANIZE LANGUAGE တို့ဖြင့် ကျောက်စာတော်များထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံ စေတီတော်အဆူ ၇၂၀ ကိုလည်း စိတ်ဝင်စားစွာဖြင့် ဖူးမြော်လေ့လာကြည်ညိုကြသည်။

ထို့ပြင် အဆိုပါစစ်ရေးပြစစ်ကြောင်းများသည် အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ပြခန်းများ၊ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)နှင့် မြန်မာနိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင် စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံးတုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသည့် အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်ဂါရဝပြုအလေးပြုကြပြီး ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သတင်းစဉ်**





၂၀၂၆ ခုနှစ်၊ မတ် ၂၃ ရက်၊ တနင်္လာနေ့။

မန္တလေး

## လူသားအရင်းအမြစ်များ စွမ်းဆောင်နိုင်မှုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသတွင်းနိုင်ငံများနှင့် ပိုမိုပေါင်းစည်း ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွက် ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်နှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုလိုအပ်ချက်ကို သင်တန်းဆင်းမောင်မယ်များအနေဖြင့် ကျောင်းတော်ကြီးမှ လေ့လာသင်ယူခဲ့ရသည့် အသိပညာ၊ အတတ်ပညာများကို စက်ရုံ၊ အလုပ်ရုံများတွင် ပြန်လည်အသုံးချပြီး စက်မှုဝန်ကြီးဌာန၏ အကျိုး၊ နိုင်ငံအကျိုးကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြသည့် လူငယ်မောင်မယ်များဖြစ်လာစေရန် တိုက်တွန်းပြောကြားလိုကြောင်း၊ မောင်မယ်တို့သည် မကြာခင်အချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် မျိုးဆက်သစ်များဖြစ်၍ နိုင်ငံ၏ အနာဂတ်ကောင်းကျိုး၊ ဆိုးကျိုးသည်လည်း မောင်တို့မယ်တို့၏ အရည်အချင်းနှင့် ခံယူချက်များအပေါ်တွင် မူတည်နေကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အမှတ်(၅)စက်မှု သင်တန်းကျောင်း(မကွေး)၌ ကျင်းပသည့် စက်မှုကျွမ်းကျင်(၁)နှစ်သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ရာတွင် ပြောကြားသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည့် အခြေခံလိုအပ်ချက်များကို တစ်ပြိုင်နက်တည်း တည်ဆောက်ရသကဲ့သို့ လူသားအရင်းအမြစ် စွမ်းဆောင်နိုင်မှုကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသော့ချက်ပင်ဖြစ်သည်။

သင်တန်းဆင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ်က သင်တန်းသားစံပြဆုရ သင်တန်းသားကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆင်းအောင်လက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)အနေဖြင့် စက်မှုကျွမ်းကျင်(၁)နှစ်သင်တန်း အမှတ်စဉ်(၁၃)တွင် သင်တန်းသား ၁၃၆ ဦး၊ သင်တန်းသူ ၃၀ ဦး၊ စုစုပေါင်း ၁၆၆ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး သင်တန်းစတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၉၈၀ ကို အောင်မြင်စွာလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

အရည်အချင်းဆိုသည်မှာ ကျောင်းစာတစ်ခုတည်း တော်ရုံတတ်ရုံနှင့် မလုံလောက်တဲ့ သင်ယူထားသည့် အတတ်ပညာကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်အောင်၊ စည်းကမ်းရှိပြီး ကိုယ်ကျင့်တရားကောင်းမွန်အောင်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်အောင်၊ အများအကျိုးသယ်ပိုးဆောင်ရွက်လိုသော စိတ်ဆန္ဒရှိအောင် နေထိုင်ကျင့်ကြံမှသာ စစ်မှန်ပြီး အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ စွမ်းဆောင်နိုင်မှုကို ဖွံ့ဖြိုးတိုးတက်အောင်စက်မှု ဝန်ကြီးဌာနကဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## ဆက်သွယ်ရေးကွန်ရက် ဘုံအခြေခံအဆောက်အအုံစီမံကိန်း လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆို

**နေပြည်တော် မတ် ၂၂**

နေပြည်တော်ကောင်စီနှင့် Horizon Telecom International Co.,Ltd. တို့အကြား ချုပ်ဆိုမည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ဆက်သွယ်ရေးကွန်ရက်ဘုံအခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်း Naypyitaw Fiber Common Infrastructure ( NFCI - Port Sharing) B-O-T သဘောတူ စာချုပ်ချုပ်ဆိုသည့် အခမ်းအနားကို မတ် ၂၀ ရက်က နေပြည်တော်ကောင်စီရုံး၊ အစည်းအဝေးခန်းမ(၁)၌ ကျင်းပပြုလုပ်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက အမှာစကားပြောကြားရာတွင် နေပြည်တော်ကောင်စီအနေဖြင့် နေပြည်တော်အတွင်း ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆောင်ရွက်ကြရာတွင် မြို့၏ဥပဓိရုပ်ကောင်းမွန်စေဖို့၊ မြို့သန့်ရှင်းသာယာလှပစေဖို့အတွက် လက်ရှိရှုပ်ထွေးလျက်ရှိသော ဆက်သွယ်ရေးတိုင်နှင့် ကြိုးများကို စနစ်တကျရှင်းလင်းနိုင်စေရန်နှင့် Right Of Way သုံးစွဲခွင့်ပေးခြင်းများအပေါ် စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ပြီး နေပြည်တော်အတွင်း ဆက်သွယ်ရေးကွန်ရက် ဘုံအခြေခံအဆောက်အအုံစီမံကိန်းလုပ်ငန်းအား ယခုလို Horizon Telecom International Co., Ltd. နှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခု စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့ကို ထိရောက်လျင်မြန်စေရန်၊ 5G စနစ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်သင့်ဖြစ်စေရန်၊ ဖိုက်ဘာကေဘယ်လ်လမ်းကြောင်း တစ်လျှောက်တိုင်များ၊ ကြိုးများ ရှုပ်ထွေးစွာ သွယ်တန်းတပ်ဆင်ထားခြင်းများကို မြို့ပြအင်္ဂါရပ်နှင့် သန့်ရှင်းသပ်ရပ်သော Smart City များဖြစ်ပေါ်လာစေရေး အထောက်အကူဖြစ်စေသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးမောင်မောင်စိုးတို့က အသီးသီးအမှာစကားပြောကြားကာ Horizon Telecom International Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက နေပြည်တော်အတွင်း ဆက်သွယ်ရေးကွန်ရက် ဘုံအခြေခံ အဆောက်အအုံ စီမံကိန်း လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ (အပေါ်ပုံ)

ထို့နောက် နေပြည်တော်ကောင်စီနှင့် Horizon Telecom International Co.,Ltd. တို့အကြား ချုပ်ဆိုမည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ဆက်သွယ်ရေးကွန်ရက် ဘုံအခြေခံ အဆောက်အအုံ စီမံကိန်း လုပ်ငန်း Naypyitaw Fiber Common Infrastructure( N-FCI – Port Sharing ) B-O-T သဘောတူစာချုပ်အား အပြန်အလှန် လက်မှတ်ရေးထိုးပြီး အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ယနေ့နံနက် ၈ နာရီက ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် အခြေခံစားသောက်ကုန်များဖြစ်သည့် အသား၊ ငါးနှင့် စားအုန်းဆီများအား ရောင်းချပေးသည်။



ထိုသို့ရောင်းချရာ၌ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုဝင် ၁၉၀ ဦးခန့်အား ရည်ညွှန်းဈေးဖြင့် တစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်းကို လည်းကောင်း၊ ဝက်သား၊ အမဲသား၊ ဆိတ်သားများကို စိတ်ကြိုက်ဝယ်ယူစနစ်ဖြင့် ဝက်သား ၃၅ ပိဿာ၊ အမဲသား၂၅ ပိဿာ၊ ဆိတ်သား ၁၅ ပိဿာ တို့ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynew-spaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# မဟာလောကရန်နိမ့် အောင်တော်မူမြတ်စွာဘုရား (၃၂)ကြိမ်မြောက် သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ









**မန္တလေး မတ် ၂၂**

သီပေါဘုရင်မင်းမြတ် တည်ထားကိုးကွယ်ခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိမ့် အောင်တော်မူမြတ်စွာဘုရား သက်တော်(၁၄၃)နှစ်ပြည့်ကိုရည်မှန်း၍ ဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော်(၁၄၄)ပါးတို့အား (၃၂)ကြိမ်မြောက် သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ မဟာလောကရန်နိမ့် အောင်တော်မူမြတ်စွာဘုရား ပရိဝုဏ်တွင် ယနေ့မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ မဟာလောကရန်နိမ့် အောင်တော်မူမြတ်စွာဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယ မိုးကောင်းတိုက်အလယ်ရွှေကျောင်းဆရာတော် ဘဒ္ဒန္တ ဓိပတျာလင်္ကာရ၊ ချမ်းအေးသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မိုးကောင်းတိုက် သုံးထပ်စာချ ကျောင်းဆရာတော် ဘဒ္ဒန္တဝိစုရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာလောကရန်နိမ့် အောင်တော်မူမြတ်စွာ ဘုရားအား ဖူးမြော်ကြည်ညို၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဆရာတော်၊ သံဃာတော်(၁၄၄)ပါးအား ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

မဟာလောကရန်နိမ့် အောင်တော်မူမြတ်စွာဘုရားစေတီတော်ကို သီပေါဘုရင်မင်းမြတ်က သက္ကရာဇ်



၁၂၄၄ ခုနှစ်၊ တပေါင်းလဆန်း(၃)ရက်နေ့တွင် သံတောင်တစ်တောင်လျှင် တစ်ပေခွဲရှိပြီး သံခုနစ် တောင်ထား၍ ခုနစ်ရက်ဖြင့် အပြီးတည်ထားကိုးကွယ်ခဲ့ကြောင်းနှင့် တပေါင်းလဆန်း(၁၁)ရက် နေ့တွင် ရွှေထီးအထွတ်တင်လှူတော်မူခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





## မန္တလေးတိုင်းဒေသကြီး၊ ကိုယ်ပိုင်ကျောင်းများအသင်း အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**မန္တလေး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကိုယ်ပိုင်ကျောင်းများအသင်း၊ Mandalay Region Private Schools Association(MRPSA)၏ သင်းလုံးကျွတ် မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက Y Mandalay Hotel၊ ၅၃ လမ်းနှင့် ၃၇ လမ်းထောင့်၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး၊ ကိုယ်ပိုင်ကျောင်းများအသင်း၊ အတွင်းရေးမှူး ဒေါ်နန်းမေလွင်ကျော်က အသင်း၏ ဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြပြီး ဘဏ္ဍာရေးမှူး ဒေါ်စုရွှေစင်က ဘဏ္ဍာရေးဆိုင်ရာ ငွေစာရင်းရှင်းတမ်းကို တင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး၊ ကိုယ်ပိုင်ကျောင်းများ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီးနောက် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်ကျောင်းများအသင်းကြီး၏ အလုပ်အမှုဆောင်များနှင့် ဧည့်သည်တော်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ယာပုံ)**

၂၀၂၆ ခုနှစ် MRPSA အသင်း အမှုဆောင်သစ်ရွေးချယ်ပွဲကိုကျင်းပပြီးနောက် မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း ဥက္ကဋ္ဌ ဒေါ်မြသွေးရည်က အသင်းကြီး၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး မန္တလေးတိုင်းဒေသကြီး၊ ကိုယ်ပိုင်ကျောင်းများအသင်းကြီး၏ အကြံပေးပုဂ္ဂိုလ် CAE ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူ ဆရာမကြီး ဒေါ်နှင်းနှင်းမော်က အသင်းကြီး၏ အစဉ်အလာများကို ရှင်းလင်းပြောကြားပြီးနောက် အသင်းကြီးတွင် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို အသင်းဥက္ကဋ္ဌ ဒေါ်မြသွေးရည်က ပေးအပ်သည်။




အမှုဆောင်သစ်အဖွဲ့တွင် ဥက္ကဋ္ဌ ဒေါ်မြသွေးရည်၊ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ ဘဏ္ဍာရေးမှူး ဒေါ်စိုးစိုးခိုင်၊ စာရင်းစစ် ဒေါ်နန်းသင်းသင်း၊ ပြန်ကြားရေး ဒေါ်သီတာနိုင်တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၂**



ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်၍ အခြေခံအင်္ဂလိပ်စာ (Grammar)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်က သင်တန်းဖွင့် လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးကောင်းထက်က သင်ကြားမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံအင်္ဂလိပ်စာ (Grammar)သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၃ ဦးကို မတ် ၂၂ ရက်မှ မတ် ၂၆ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ပုဗ္ဗသီရိမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို ယခုသင်တန်းအပြင် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ကို(ပြန်/ဆက်)**

## ငရုတ်ခြောက်သီးနှံ ၉၂၀ ဧကအထိ သိမ်းဆည်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ မတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ငရုတ်ခြောက်သီးနှံ ၉၂၀ ဧကထိ သိမ်းဆည်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်ခြောက် ၁၂၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ငရုတ်သီးနှံစိုက်ခင်းများကို ဒေသခံတောင်သူများက ဒီဇင်ဘာလမှ စတင်ဆွတ်ခူးသိမ်းဆည်းခဲ့ရာ ယနေ့တွင် ၉၂၀ ဧကအထိ သိမ်းဆည်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၇၁၁ ပိဿာ ထွက်ရှိသည်။

“ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံရာသီမှာ ငရုတ်ခြောက် ၁၂၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ငရုတ်စိုက်ခင်းတွေကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ စတင်သိမ်းဆည်းခဲ့ရာ လက်ရှိမှာ ဧက ၉၂၀ အထိ ဆွတ်ခူးသိမ်းဆည်းပြီးစီးပြီ ဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ငရုတ်ခြောက် ပိဿာချိန် ၇၁၁ ပိဿာ ထွက်ရှိပါတယ်။ သိမ်းဆည်းရန် ကျန်ရှိတဲ့ ငရုတ်ခြောက်စိုက်ခင်းများကိုလည်း အထွက်နှုန်းများ လျော့နည်းမှုမရှိစေရေး အချိန်မီ ဆွတ်ခူးသိမ်းဆည်းကြဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ငရုတ်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်နှင့် စိုက်ပင်အရေအတွက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသော ငရုတ်သီးနှံများ အစားအစာဘေးကင်းလုံခြုံမှုရှိစေရန် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ သဘာဝမြေဩဇာနှင့် သဘာဝစိုက်ပျိုးရေးသွင်းအားစုများ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ငရုတ်သီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

၀-၀-၀-၀-၀

## နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပ

**ရပ်စောက် မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်တွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းသိန်းက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောရာတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားရခြင်းအကြောင်းအရင်းများ၊ လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ကျန်းမာရေးအပေါ်ထိခိုက်နိုင်မှုများ၊ ၂၀၂၅ ခုနှစ်အတွင်း ခရိုင်အလိုက် Fire Hotspot ဖြစ်ပေါ်ခဲ့မှု အခြေအနေ၊ ဒေသခံပြည်သူများအနေဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးအတွက် အလေးထား ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရှမ်းပြည်နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော Fire Hotspot နှင့် ပတ်သက်သောအကြောင်းအရာများ၊ Fire Hotspot လျှော့ချရေးဆောင်ရွက်ရမည့်အကြောင်းအရာများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများ၏ အထွေထွေတင်ပြချက်များအပေါ် တာဝန်ရှိသူများ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(၃၆၈)**



**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀)အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| ကိုမို | ၅ - ၀ | ပီဆာ |
| အတ္တလန္တာ | ၁ - ၀ | ဗီရိုနာ |
| ဘိုလော့ဂ်နာ | ၀ - ၂ | လာဇီယို |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇) အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| လိုင်ယွန် | ၁ - ၂ | မိုနာကို |

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁) အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| နယူးကာဆယ် | ၁ - ၂ | ဆန်းဒါးလန်း |
| ဗီလာ | ၂ - ၀ | ဝက်စ်ဟမ်း |
| စပါး | ၀ - ၃ | နော်တင်ဟမ် |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉) အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| ဘာစီလိုနာ | ၁ - ၀ | ဗယ်လက်ကာနို |
| ဆဲလ်တာဗီဂို | ၃ - ၄ | အလာဗက်စ် |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| မိန့်ဇ် | ၂ - ၁ | ဖရန့်ဖတ် |

## (၆၆) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့

၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်

“သဘာဝဘေး ကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့”

“Observing Today, Protecting Tomorrow”

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်းကမ်းလိုသူ မိဘပြည်သူများအနေဖြင့် မတ်လ ၂၃၊ ၂၄၊ ၂၅ ရက်နေ့များတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်(ပင်မဂိတ်)သို့ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင်(လူကိုယ်တိုင်) လာရောက်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ<br>
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)<br>
နေပြည်တော်<br>
ဖုန်း၊ ၀၃၂-၃၀၀၀၉

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ (၈၁)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးနေမှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၂

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးကြသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးနေမှုကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင်နှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းအင်အား ၁၀၁၀ တို့နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းအင်အား၂၀၀ စုစုပေါင်းအင်အား ၁၂၁၀ တို့က ဆေးရုံကြီးဝင်း အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးကုသဆောင်နှင့် အဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံများဘေး ထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများ အမြင့်တင့်တယ်စေရေး၊ လေဝင်/လေထွက်ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြစ်သားမြို့ ကြက်ခြေနီအသင်းခွဲရုံးမှ အသင်းဝင်များအား တွေ့ဆုံဆွေးနွေး

**မြစ်သား မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မင်းကုန်းရပ်ကွက်အတွင်းရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ မတ် ၂၀ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲရုံးမှ အသင်းဝင်များအား တွေ့ဆုံဆွေးနွေးခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာအဆင့်ပြည်သူများအကြား စိမ့်ဝင်ပျံ့နှံ့မှုရှိစေရန် ဖွဲ့စည်းထားပြီး လူမှုကရုဏာလုပ်ငန်းများကို နိုင်ငံ၏အရန်အင်အားအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များအနေဖြင့် တန်ဖိုးရှိလှသည့် ရှေးဦးပြုစုခြင်းဆိုင်ရာ ဗဟုသုတခံယူချက်ကျမ်းကျင်မှုများကို အမြဲမှတ်သားနာယူပြီး ကြက်ခြေနီအခြေခံမူများနှင့်အညီ တိုးတက်ပြောင်းလဲလာသော ကြက်ခြေနီလုပ်ငန်းများဖြင့် ရပ်ရွာလူထုကို ခွဲခြားမှုမရှိဘဲ လူသားချင်းစာနာထောက်ထားမှု စိတ်အပြည့်အဝဖြင့် ကူညီဆောင်ရွက်ရင်း လူထုပူးပေါင်းပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်လင်းလင်းသက်က အသင်း၏လူမှုကရုဏာလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ ကြက်ခြေနီအသင်း ညွှန်ကြားရေးမှူး နှင့်အသင်းဖွဲ့များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယအုပ်ချုပ်ရေးမှူး ဦးရှိန်သူ၊ မြစ်သားမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးတင့်လွင်ဦးနှင့် အသင်းဝင်များ၊ လုပ်ငန်းရှင် စေတနာအဖွဲ့များ တက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

**ဝင်းမင်းထွန်း(မြစ်သား)**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် မတ် ၂၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါ သည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

၀-၀-၀-၀-၀

# ဘဝရဲ့ ပွဲကိုင်ရှင်

**အေးအေးခိုင်(ပညာရေး)**

မသီတာဟာ ကျောင်းအုပ်ကြီးမဖြစ်ခင် S.A.T အဖြစ် တာဝန်ထမ်းဆောင်စဉ်ကပင် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ လုပ်ဖော်ကိုင်ဖက်များနဲ့ တရင်းတနှီး နွေးနွေးထွေးထွေး ဆက်ဆံတတ်သူဖြစ်ပါတယ်။ ကျောင်းအုပ်ကြီး ဖြစ်လာတော့လည်း ကျောင်းအုပ်ကြီးဆိုတဲ့ မာန်နဲ့ ဟိတ်ဟန်မရှိဘဲ ကျောင်းသား၊ ကျောင်းသူများကို မိဘလိုချစ်ခင်ကြင်နာတတ်သူ ဖြစ်ပါတယ်။ မိဘများနဲ့လည်း ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ဆွေမျိုးရင်းချာလို သဘောထားသူဖြစ်ပါတယ်။ ဒါကြောင့်လည်း ပညာရေးစုံညီပွဲတော်နဲ့ မိဘဆရာတွေ့ဆုံပွဲတွေမှာ မသီတာက သူ့ကိုကျောင်းအုပ်ကြီးတစ်ယောက်လို မမြင်ဘဲ အစ်မကြီးတစ်ယောက်၊ အဒေါ်တစ်ယောက်လို သဘောထားစေလိုကြောင်း၊ အခက်အခဲပြဿနာဖြစ်ရင် ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးနိုင်ကြောင်း၊ အတတ်နိုင်ဆုံး အကူအညီပေးမှာဖြစ်ကြောင်း အမြဲပြောလေ့ရှိပါတယ်။ မိဘများနဲ့ ရင်းနှီးမှုကို တန်ဖိုးထားသူဖြစ်လို့ ကျောင်းတက်၊ ကျောင်းဆင်းနဲ့ နေ့လယ် ထမင်းစားကျောင်းဆင်းချိန်တွေမှာ ကျောင်းရှေ့ဝင်းတံခါးကနေ မိဘများကို လေးလေးစားစား နှုတ်ဆက်လေ့ရှိပါတယ်။ မိဘများနဲ့ကလေးတွဲပြီးသိအောင် ကလေးတွေရဲ့ အခြေအနေအရပ်ရပ်ကိုသိအောင် ကြိုးစားပြီး မိဘများကို ကလေးတွေအကြောင်း ပြောပြလေ့ရှိပါတယ်။ မိဘများကလည်း ကျောင်းပို့၊ ကျောင်းကြိုရင်း မသီတာနဲ့ စကားစမြည်ပြောလေ့ရှိပါတယ်။ ဒီလို စကားပြောခြင်းဖြင့် မိဘနဲ့ဆရာ ဆက်ဆံရေးပိုမိုကောင်းစေပါတယ်။

မသီတာရဲ့ကျောင်းဟာ မိန်းကလေးချည်းသာရှိတဲ့ ကျောင်းဖြစ်လို့ ACT အချစ်တော်ထားတာ၊ အပြင်ကယောကျ်ားလေးတွေနဲ့ ရည်းစားထားတာတွေ ရှိစမြဲဖြစ်ပါတယ်။ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းကလေးတွေဟာ စိတ်ကစားတတ်လို့ အမြဲဂရုစိုက်ရပါတယ်။ အခါအားလျော်စွာ အတန်းတွေဝင်ပြီး လွယ်အိတ်၊ ထမင်းချိုင့်၊ ခြင်းတောင်း၊ ထိုင်ခုံ စတာတွေကို စစ်ဆေးရပါတယ်။ တစ်နေ့ ဆယ်တန်း(ခ)ကို Surprise ဝင်စစ်ဆေးလိုက်တဲ့အခါ ACT ထားတဲ့အတွဲ သုံးတွဲနဲ့ အပြင်က ယောကျ်ားလေးနဲ့ ရည်းစားစာ အပြန်အလှန်ပေးတဲ့ ကျောင်းသူတစ်ယောက်ကို တွေ့ရပါတယ်။ ACT အတွဲတွေကိုတော့ အတန်းပိုင် ဒေါ်မြင့်ကြည်နဲ့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က မိဘတွေခေါ် ဝန်ခံကတိထိုးပြီး သတိပေးဆုံးမပါတယ်။ ယောကျ်ားလေးတစ်ယောက်နဲ့ အပြန်အလှန် ရည်းစားစာ အပေးအယူရှိတဲ့ မစန္ဒာကို အုပ်ထိန်းသူကိုခေါ်ပြီး ဆွေးနွေးရပါတယ်။ အတန်းပိုင်ရဲ့ မှတ်တမ်းအရ မစန္ဒာဟာ မိခင်ကွယ်လွန်လို့ ဖခင်ရယ်၊ အစ်ကိုကြီးရယ်၊ ညီမတစ်ယောက်ရယ်နဲ့ နေထိုင်ပြီး သာမန်စားဝတ်နေရေး ပြေလည်တဲ့မိသားစုဖြစ်ကြောင်း သိရပါတယ်။ မစန္ဒာ၊ သူ့အစ်ကိုနဲ့ အတန်းပိုင် ဒေါ်မြင့်ကြည်တို့ ရုံးခန်းရောက်လာပြီး ‘ကျွန်တော်က မစန္ဒာရဲ့ အစ်ကိုကြီး မြင့်နိုင်ပါ။ ဆရာမကြီး အခေါ်လွှတ်တယ်ဆိုလို့ လာတာပါ’ ‘ဒေါ်မြင့်ကြည်က’ ‘ရှင့်ညီမ မစန္ဒာရဲ့ လွယ်အိတ်ထဲက ယောကျ်ားလေးတစ်ယောက်က ပေးတဲ့ ရည်းစားစာ တွေ့လို့ပါ ဖတ်ကြည့်ပါ’ ဒေါ်မြင့်ကြည်က စာကို ကမ်းပေးလိုက်ပါတယ်။ ‘ကျွန်တော့်ညီမမှာ ရည်းစားရှိတာ ကျွန်တော်မသိပါ။ ခုစာကို ဖတ်ရမှ သိရတာပါ’ ‘စန္ဒာက လပတ်စာမေးပွဲနဲ့ ပထမအစမ်းကျလို့ စိတ်ညစ်ကြောင်း၊ သူရည်းစားထားတာကို အစ်ကိုကြီးသိရင် သူ့ကိုသတ်မှာကြောက်လို့ ကိုယ့်ကိုယ်ကို သတ်သေချင်ကြောင်း သူ့ကောင်လေးကို စာရေးပြောတော့ ကောင်လေးက မစန္ဒာကို အပျော်ရည်းစားထားတာ မဟုတ်ကြောင်း၊ ဘဝကြင်ဖော်အဖြစ် တစ်သက်လုံး လက်တွဲသွားမှာမို့ အခက်အခဲတွေ ကျော်လွှားနိုင်အောင် သူတက္ကသိုလ် နောက်ဆုံးနှစ်ဖြေပြီးသည်အထိ သည်းခံစောင့်ဆိုင်းစေလိုကြောင်း၊ လူချင်းတွေ့ချင်ကြောင်း ရေးထားတာပါ။ လူချင်းတွေ့ချင်တယ်ဆိုတော့ ခွင့်လိမ်တိုင်ပြီး ချိန်းတွေ့မှာ၊ မဖြစ်သင့်တာတွေ ဖြစ်မှာစိုးလို့ ကိုမြင့်နိုင်ကို ခေါ်ပြောတာပါ’ မသီတာက ရှင်းပြပါတယ်။

‘ဆရာမကြီးတို့ အခုလို အချိန်မီခေါ်ပြောတာကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ မိသားစုမှာ အမေက ကျွန်တော်တို့ ငယ်ငယ်က ဆုံးပါးသွားတော့ အဖေ့ရဲ့ အုပ်ထိန်းမှုအောက်မှာ ကျွန်တော်တို့ မောင်နှမ သုံးယောက် ကြီးပြင်းခဲ့တာပါ။ အဖေက မနှစ်က လေဖြတ်သွားပါတယ်။ ကျွန်တော် B.E(Elect)အောင်တာနဲ့ အိမ်မှာပဲ လျှပ်စစ်ပစ္စည်းမျိုးစုံ ပြုပြင်ရောင်းဝယ်ရေးဆိုင်ဖွင့်ပြီး မိသားစုကို ရှာကျွေးနေတာပါ’။ ဒေါ်မြင့်ကြည်က စန္ဒာကိုကြည့်ပြီး ‘စန္ဒာက သမီးကောင်လေးအကြောင်း ပြောပြပါဦး’

‘သူ့နာမည်က ကိုမျိုးချစ်ပါ။ တက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားပါ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က သမီးရည်းစားဖြစ်ခဲ့တာပါ။ ဒေးဝန်းမှာနေပြီး မိဘက ဆီစက်ပိုင်လို့ ပြောပါတယ်။ အစ်မ အပျိုကြီး တစ်ယောက်ရှိပြီး ဆီစက်ကို ဦးစီးလုပ်ကိုင်နေကြောင်း၊ သူ့မိဘတွေက အိမ်ထောင်ရေးနဲ့ပတ်သက် ရွေးချယ်ခွင့်ပြုကြောင်း၊ သူ့ကို အနာဂတ်အတွက် ပူပန်စရာမလိုကြောင်း မကြာခဏပြောပါတယ်။ လူချင်းချိန်းမတွေ့ဖူးပါ။ ကျောင်းသွား၊ ကျောင်းပြန် ကျောင်းအနီးအနားက စောင့်ကြည့်နေတတ်ပါတယ်။ ပြောစရာ အထူးကိစ္စရှိရင် စာရေးပေးပါတယ်။ သူ့စာတွေဖတ်ပြီး ကျောင်းစာထဲမှာ စိတ်မဝင်စားလို့ စာမေးပွဲတွေကျတာလည်း ကျွန်မဝန်ခံပါတယ်။ အစ်ကိုကြီးကို အလွန်ကြောက်ရပါတယ်။ အစ်ကိုကြီးက ရည်းစားထားတာ သိသွားရင်ဆိုတဲ့ ပူပန်တဲ့စိတ်နဲ့ သောကရောက်နေတာပါ။ စာမေးပွဲကျတာရယ်၊ ရည်းစားထားတာကို အစ်ကိုကြီးသိရင် အသတ်ခံရမှာကြောက်တဲ့စိတ်ရယ်ကြောင့် သတ်သေဖို့အထိ စဉ်းစားခဲ့မိပါတယ်။’

**သူ့ကိုကျောင်းအုပ်ကြီးတစ်ယောက်လိုမမြင်ဘဲ အစ်မကြီးတစ်ယောက်၊ အဒေါ်တစ်ယောက်လို သဘောထားစေလိုကြောင်း၊ အခက်အခဲပြဿနာဖြစ်ရင် ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးနိုင်ကြောင်း၊ အတတ်နိုင်ဆုံး အကူအညီပေးမှာဖြစ်ကြောင်း အမြဲပြောလေ့ရှိပါတယ်။ မိဘများနဲ့ ရင်းနှီးမှုကို တန်ဖိုးထားသူဖြစ်လို့ ကျောင်းတက်၊ ကျောင်းဆင်းနဲ့ နေ့လယ်ထမင်းစား ကျောင်းဆင်းချိန်တွေမှာ ကျောင်းရှေ့တံခါးကနေ မိဘများကို လေးလေးစားစား နှုတ်ဆက်လေ့ရှိပါတယ်။ မိဘများနဲ့ကလေးတွဲပြီးသိအောင် ကလေးတွေရဲ့ အခြေအနေအရပ်ရပ်ကိုသိအောင် ကြိုးစားပြီး မိဘများကို ကလေးတွေအကြောင်း ပြောပြလေ့ရှိပါတယ် .....**

‘ကဲ ကိုမြင့်နိုင် ကြားတဲ့အတိုင်းပါပဲ။ စန္ဒာတို့အရွယ်က စဉ်းစဉ်းစားစား မလုပ်တတ်တော့ ရည်းစားထားတဲ့ကိစ္စကို အစ်ကိုတစ်ယောက်အနေနဲ့ ရိုက်တာ၊ နှက်တာ ဆူပူကြိမ်းမောင်းတာ မလုပ်စေချင်ပါဘူး။ နားဝင်အောင် ဖျောင်းဖျပြောဆိုပါ။ သူ့ကောင်လေးနဲ့တွေ့ပြီး ဆွေးနွေးရင်ကောင်း မယ်လို့ ကျွန်မထင်ပါတယ်’

ဒေါ်မြင့်ကြည်က ‘စန္ဒာဟာ ဉာဏ်မဆိုးပါဘူး။ ခုတလော စိတ်နဲ့ လူကပ်ပုံမရဘူး။ စာထဲမှာ စိတ်ဝင်စားမှုနည်းလို့ ကျွန်မစာသင်ချိန်ဆို သူ့ကို စာခဏခဏ မေးပါတယ်။ ဆရာမကြီးပြောသလို မောင်မျိုးချစ်နဲ့ တွေ့ကြည့်တာ ကောင်းမယ်ထင်ပါတယ်’

‘လက်ပူးလက်ကြပ်ရည်းစားစာမိထားလို့ သူ့ကို အထူးဂရုစိုက်ကြည့်ရပါမယ်။ ကိုမြင့်နိုင်အနေနဲ့ ဒီလိုကိစ္စမျိုး နောင်မဖြစ်စေရပါဘူးလို့ ဝန်ခံကတိပြုလက်မှတ်ထိုးရပါမယ်။ ဒီအတောအတွင်း သူ့ကို ခွင့်လုံးဝမပေးနိုင်ပါ။ ကိုမြင့်နိုင်က ဂရုတစိုက် ကျောင်းလွှတ်ပေးပါ။ မောင်မျိုးချစ်နဲ့တွေ့ပြီးရင်လည်း ကျွန်မတို့ကို အခြေအနေပြောပြပါ’

‘ဟုတ်ကဲ့ပါ ဆရာမကြီး’

သုံးရက်လောက်ကြာတော့ ကိုမြင့်နိုင် ရောက်လာပါတယ်။

‘ကျွန်တော် မောင်မျိုးချစ်နဲ့တွေ့ပြီးပါပြီ။ သူနဲ့စကားပြောကြည့်တော့ မိကောင်းဖခင် သားဖြစ်ကြောင်း သိရပါတယ်။ သူ့မိဘတွေက အိမ်ထောင်ဖက်ရွေးတဲ့အခါ ငွေကြေးရာထူးဂုဏ်သိန်ထက် ကိုယ့်ဘဝလက်တွဲဖော် မိန်းကလေးဟာ အိမ်ထောင်ထိန်းသိမ်းနိုင်နင်းတဲ့သူဖြစ်ရမယ်၊ မျိုးရိုးကောင်းရမယ်၊ အကျင့်စာရိတ္တကောင်းရမယ်၊ သစ္စာရှိရမယ်ဆိုတဲ့ အချက်လေးချက်နဲ့ညီရင် သဘောတူခွင့်ပြုမယ့်အကြောင်း၊ သူ့မိဘဆန္ဒကို ပြောပြပါတယ်။ သူဘွဲ့ရပြီးရင် အိမ်ထောင်ဦးစီးတစ်ယောက်အနေနဲ့ မိန်းမတစ်ယောက်ကို ရှာဖွေလုပ်ကိုင်ကျွေးနိုင်လို့ မစန္ဒာကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခွင့်ပြုဖို့ ယဉ်ယဉ်ကျေးကျေး ပြောပြပါတယ်’

မောင်မျိုးချစ်ရဲ့ သဘောထားသိရုံနဲ့ မပြည့်စုံသေးလို့ သူ့မိဘများနဲ့ တွေ့ဆုံဖို့ မသီတာက အကြံပေးပါတယ်။

‘ဟုတ်ပါတယ်ဆရာမကြီး ကျွန်တော်စီစဉ်ပါမယ်။ ဒီတွေ့ဆုံပွဲမှာ ဆရာမကြီးနဲ့ အတန်းပိုင်ဆရာမပါ ကြွရောက်ချီးမြှင့်စေချင်ပါတယ်’

‘ကျွန်မတို့ကျောင်းအားရက်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်’

‘ဒါဆို စီစဉ်ပြီးရင် ဆရာမကြီးကို လာပြောပါ့မယ်’

ကိုမြင့်နိုင် ပြန်သွားတော့ မသီတာစိတ်မောရပြန်ပါတယ်။ ကိုယ့်ကျောင်းသူတစ်ယောက် ပညာဆုံးခန်းတိုင် မသင်ရဘဲ ကျောင်းထွက်မသွားရေး၊ စာမေးပွဲအောင်ဖို့ စာထဲစိတ်နှစ်ထားပြီး စာကြိုးစားချင်စိတ်ဖြစ်အောင် သူတို့ရဲ့စိတ်ကို ပြုပြင်ပေးရေး စတဲ့ တာဝန်တွေနဲ့ နှီးနွယ်နေတဲ့ သူတို့ဘဝခရီးအတွက် အဆုံးအဖြတ်ပေးမယ့် တွေ့ဆုံပွဲကို တက်ရမယ်ဆိုတော့ မသီတာအတွက်တော့ ရင်မောစရာပါပဲ။

ကိုမြင့်နိုင်ရဲ့ ချိတ်ဆက်ပေးမှုနဲ့ တနင်္ဂနွေနေ့ ကိုမြင့်နိုင်ရဲ့ အိမ်မှာ မောင်မျိုးချစ်ရဲ့ မိဘများနဲ့ တွေ့ဆုံဖြစ်ကြပါတယ်။ မသီတာက တိုင်းရုံးမှာ ၁၀ နာရီ အစည်းအဝေးရှိလို့ ၈ နာရီခွဲမှာ ဒေါ်မြင့်ကြည်နဲ့ ကိုမြင့်နိုင်အိမ်ကို ရောက်သွားပါတယ်။ သိပ်မကြာခင်မှာဘဲ မောင်မျိုးချစ်နဲ့ မိဘများရောက်လာပါတယ်။ မောင်မျိုးချစ်ရဲ့ အမေက မသီတာကို မြင်မြင်ချင်း မျက်နှာက ပြုံးရွှင်သွားပြီး

‘ဟေး .... မင်း မသီတာမဟုတ်လား’

‘ဟုတ်ပါတယ် ....မင်းက ဝါဝါ မဟုတ်လား’

‘ဟုတ်ပါ့တော် မန္တလေးတက္ကသိုလ် နှစ်တစ်ရာပြည့်ပွဲတော်မှာ ဒို့နဲ့ ဘာသာတူ၊ အတန်းတူ၊ တစ်ဖွဲ့တည်း တွဲခဲ့ကြတဲ့ အမြွာညီမ အေးအေးနဲ့ ထွေးထွေးတို့နဲ့တွေ့လို့ မသီတာ မန္တလေးမှာ ကျောင်းအုပ်ကြီး ဖြစ်နေတယ်လို့ သိရပါတယ်။ မသီတာနဲ့တွေ့ပြီး သူငယ်ချင်းတွေ Gathering လုပ်ရအောင်လို့ ပြောမိသေးတယ်။ ခုလို မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်’

‘အခုလာတာ မင်းရဲ့ သားကိစ္စမဟုတ်လား’

‘ငါက ငါ့သားကိစ္စနဲ့လာတာ မင်းကကော မင်းသမီးရဲ့ကိစ္စနဲ့လာတာလား’

‘မဟုတ်တာ ငါကအပျိုကြီးဟဲ့ ငါ့ရဲ့ဝမ်းမနာသမီးကိစ္စနဲ့လာတာ’

‘ဒါဆို ပွင့်ပွင့်လင်းလင်း ပြောကြတာပေါ့’

တွေ့ဆုံပွဲလေးက ပျော်ပျော်ရွှင်ရွှင် အောင်မြင်ပြီးဆုံးသွားပါတယ်။ မောင်မျိုးချစ်ရဲ့အမေက သူ့သားဟာ အချိန်တန်ရင် ကြင်ယာရှာမယ်ဆိုတာသိလို့ သူ့သဘောတူနိုင်မယ့် ချွေးမလောင်းရဲ့ အရည်အချင်းတွေကို ပြောပြထားပါတယ်။ ခု မစန္ဒာဟာ သူသဘောကျတဲ့ အရည်အချင်းတွေနဲ့ ကိုက်ညီလို့ သူ့သားကို နောက်ဆုံးနှစ် တက္ကသိုလ် စာမေးပွဲပြီးသည်အထိ စောင့်စေလိုကြောင်း၊ သူ့သား စာမေးပွဲကို နောက်ဆံမတင်းဘဲ (Q) ဝင်ပြီး Ph.D ဘွဲ့ရသည်အထိ ဆက်တက်နိုင်အောင် တွန်းအားပေးစေလိုကြောင်း၊ မစန္ဒာကိုယ်တိုင် ဒီနှစ် ၁၀ တန်းစာမေးပွဲကို ဂုဏ်ထူးတွေနဲ့ အောင်မြင်အောင် ကြိုးစားစေလိုကြောင်း၊ သူတို့ စာမေးပွဲအောင်တဲ့နေ့ဟာ သူတို့ဘဝအတွက် ရွှေတံခါးကြီးပွင့်မယ့်နေ့ဖြစ်ကြောင်း၊ သူတို့အနာဂတ်မှာ အိမ်တစ်ဆောင်၊ မီးတစ်ပြောင်နဲ့ နေနိုင်အောင် စီးပွားရေးလုပ်ငန်းတစ်ခုကို ထူထောင်ပေးမယ့်အကြောင်း ပြောပါတယ်။

သူတို့အတွက် ပန်းခင်းတဲ့လမ်းလျှောက်နိုင်အောင် မောင်မျိုးချစ်ရဲ့ မိဘများက စီစဉ်လျှာထားကြောင်း သိလိုက်ရတဲ့ မသီတာနဲ့ ဒေါ်မြင့်ကြည်တို့ ဝမ်းသာပီတိဖြစ်ကြပါတယ်။ မစန္ဒာ ဒီနှစ်ဂုဏ်ထူးတွေနဲ့အောင်ဖို့ စိတ်ဓာတ်ရေးရာအရရော၊ ပညာရေးအရပါ မသီတာတို့ ဆရာမတွေက ဝိုင်းဝန်းထိန်းသိမ်း လမ်းကြောင်းပေးကြရမှာဖြစ်ပါတယ်။ မသီတာလည်း ၁၀ နာရီ အစည်းအဝေးအမီသွားရမှာမို့ အားလုံးကို နှုတ်ဆက်ပြီး ဝမ်းသာအားရသုတ်ခြေတင်ပါတော့သည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Taylor Swift က စင်ပေါ်တွင် ဖျော်ဖြေရန် စင်အောက်တွင်များစွာ လေ့ကျင့်ခဲ့

ကမ္ဘာကျော်အနုပညာရှင် တေလာဆွစ်သည် စင်ပေါ်တွင် အချိန်ကြာမြင့်စွာ ဖျော်ဖြေနိုင်ခဲ့ခြင်းမှာ စင်အောက်တွင် များစွာ လေ့ကျင့်ခဲ့ရ၍ 'စင်ပေါ်တွင် တစ်မိနစ် စင်အောက်တွင် ဆယ်နှစ်' ဟူသော စကားထွက်ပေါ်လာကြောင်း ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



တေလာဆွစ်က လမ်းလျှောက်စက်ပေါ်ပြေးရင်း သီချင်းအော်ဆို လေ့ကျင့်ကာ သီချင်း၏ စည်းချက်နှင့်အညီ ပြေးနှုန်းကို ချိန်ညှိထားကြောင်း၊ ထိုသို့ အပြေးကျင့်ရခြင်းမှာ စင်ပေါ်တွင် အသံမတုန်စေရန်ဖြစ်ပြီး အလေးမခြင်း ဟန်ချက်ညီ လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့သူဖြစ်ကြောင်း၊ လှည့်လည်ဖျော်ဖြေပွဲများက လေ့ကျင့်ရေးကို ပို၍မာကြောမှုဖြစ်စေကြောင်း အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

အကစွမ်းရည်ကိုလည်း ကကွက် စဉ်းစားစရာမလိုအောင် လေ့ကျင့်ထားပြီး အစားအသောက်ကိုလည်း အထူးဆင်ခြင်ဂရုစိုက်ထားကာ စိတ်ဖိစီးမှုများသည့် ပွဲစဉ်များတွင် စိတ်ခံစားချက်ကို ထွက်ပေါက်ဖွင့်ပေးထားကာ ကိုယ့်ကိုကိုယ်ထိန်းချုပ်၍ 'မှားလို့မဖြစ်ဘူး' ဆိုသည်အထိ အကြိမ်ကြိမ် လေ့ကျင့်ပြင်ဆင်ထားသူဖြစ်သည်။

(SKY)



## အသက်အရွယ်ဆိုင်ရာ အမြင်အာရုံချို့ယွင်းမှုအပေါ် မက်ဖော်မင်ဆေးက အကျိုးသက်ရောက်မှုရှိ

ဆီးချိုရောဂါ ကုသရာတွင် အသုံးများသော မက်ဖော်မင် ဆေးသည် အနောက်နိုင်ငံများတွင် မျက်စိကွယ်ရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သော အသက်အရွယ်ကြောင့်ဖြစ်သည့် အမြင်လွှာပျက်စီးမှုရောဂါကို နှေးကွေးစေခြင်းနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အသက် ၅၅ နှစ်ထက်ကြီးသော ဆီးချိုဝေဒနာရှင်များအကြား လေ့လာမှုအရ မက်ဖော်မင်ဆေးသောက်သူများသည် မသောက်သူများနှင့် နှိုင်းယှဉ်ပါက ငါးနှစ်အတွင်း အလယ်အလတ်အဆင့် အမြင်လွှာပျက်စီးမှုရောဂါဖြစ်ပွားနိုင်ခြေ ၃၇ ရာခိုင်နှုန်း ပိုမိုနည်းပါးကြောင်း တွေ့ရှိရသည်။

မက်ဖော်မင်ဆေးတွင် ထိုရောဂါကို ကာကွယ်ပေးနိုင်သည့် အာနိသင်ရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ယခင်ကတည်းက ခန့်မှန်းခဲ့ကြသည်။

ယခုသုတေသနကို ဦးဆောင်ခဲ့သည့် မျက်စိအထူးကုဆရာဝန် ဒေါက်တာ နစ်ခ် ဘီယာက 'ဒီတွေ့ရှိချက်ဟာ ကုသမှုအသစ်တွေ ရှာဖွေဖော်ထုတ်ဖို့အတွက် ကြီးမားတဲ့ အောင်မြင်မှုတစ်ခုဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ဆက်လုပ်ရမှာကတော့ မက်ဖော်မင်ဆေးဟာ ဒီရောဂါအတွက် ကုသဆေးဖြစ်နိုင်၊ မဖြစ်နိုင်ကို လက်တွေ့စမ်းသပ်မှုတွေ ပြုလုပ်ဖို့ပဲ ဖြစ်ပါတယ်' ဟု ရှင်းလင်းပြောကြားသည်။

SCI

## Exploring The Unknown 2 ဖြင့် လူငယ်များကြား ကွာဟမှုကို ပေါင်းကူးတံတားဖန်တီး




မှတ်တမ်းရုပ်ရှင်တစ်ခုဖြစ်သည့် Exploring The Unknown 2 ကို ဝမ်ရီဘို တောင်တက်ခြင်းကို အသုံးပြုထားပြီး လူငယ်များကြား ကွာဟမှုကို ပေါင်းကူးတံတားအဖြစ် ဖန်တီးထားခြင်း ခေါင်းစဉ်နှင့် ပေကျင်းသတင်းတွင် ဖော်ပြကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ မှတ်တမ်းရုပ်ရှင်ကို တန်းဆက်ဗီဒီယိုနှင့် ဝင်းနားဘိုးမှတ်တမ်းရုပ်ရှင်တို့က ပူးပေါင်းထုတ်လုပ်ထားပြီး ဝမ်ရီဘိုပါဝင်ထားကာ အပိုင်း(၁)ကို Oscar၏ American Television ဟု တင်စားခဲ့ကာTerry Awards ရွေးဆုဆွတ်ခူးခဲ့ပြီး အပိုင်း(၂)မှာလည်း ကျောက်ဆောင်တက်မှတ်တမ်းကို ယနေ့လူငယ်မျိုးဆက်သစ်အတွက် 'အမြစ်ခိုင်စေပြီး ထိပ်ဆုံးကို တက်ရန်' စိတ်ခွန်အားပေးထားကာ နိုင်ငံတကာအဆင့်မီ ရိုက်ကူးထားသည်။

အမေရိကန်နှင့် ကနေဒါ တစ်ခွင် လှည့်လည်၍ ရိုက်ကူးတင်ဆက်ထားရာ နိုင်ငံပိုင်ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဌာနများကပါ ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုလုပ်ငန်းများ ပြုလုပ်ခဲ့ကြကာ အားပေးထားကြပြီး ထိုက်တန်သည့် ဆုပါရရှိခဲ့သည်။

(SKY)

## Phobia ရောဂါခံစားနေရသည့် Kang Haneul



ကိုရီးယားအနုပညာရှင် ကန်ဟာနူးသည် အကြောက်ရောဂါ(Phobia)ခံစားနေရပြီး လူထူထပ်သောနေရာတွင် အသက်ရှူကြပ်သည့်ရောဂါ၊ လေယာဉ်စီးမရသည့် ရောဂါ ခံစားနေရကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဖိုးဘီးယားရောဂါကြောင့် နိုင်ငံခြားခရီးစဉ်များကို အိပ်ဆေးသောက်ပြီး သွားရသော ကန်ဟာနူးမှာ ငယ်စဉ်ကအဝလွန်ခဲ့ပြီး အစားမှားလျှင်လည်း ရောဂါ ခံစားခဲ့ရကာ မျက်နှာဖောရောင်လာလေ့ရှိခြင်း၏ အကျိုးဆက်များကြောင့် ဖြစ်သည်ဟု ပရိသတ်က မှတ်ချက်ပေးထားကြသည်။

ကန်ဟာနူး၏ ပရိသတ်များကလည်း သူ၏ ရောဂါကို သိရှိကြပြီး အဝေးကပင် နှုတ်ဆက်ခြင်း ပြုလုပ်၍ အားပေးထားကြသည်ကို တွေ့ကြရသည်။

(SKY)

## SUGA @ Min Yoon Gi ၏ ကိုရီးယားဂီတမူပိုင်ခွင့်အသင်း (KOMCA) အတွက် သီချင်း ၁၆၀ ကျော် မှတ်ပုံတင်ထား

SUGA @ Min Yoon Gi သည် တစ်ကိုယ်တော် အယ်လ်ဘမ်သစ် D Day ထဲမှ သီချင်း ၁၀ ပုဒ်လုံး စံချိန်တင်ခဲ့ရုံသာမက ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ထိပ်ဆုံးရရှိထားသည့် ပထမဆုံးအာရှသားရက်ပ်ပါဖြစ်ကာ ကိုရီးယားမူပိုင်ခွင့်အသင်း (KOMCA) တွင် သီချင်း ၁၆၀ ကျော် မှတ်ပုံတင်ထားသူဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

SUGAသည် ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၀၀ ကျော်တွင် Itunes Chart နံပါတ်(၁)ရရှိခဲ့သည့် အယ်လ်ဘမ် သုံးခု Agust, DD-2 , D Dayကို ပိုင်ဆိုင်ထားသည့် အာရှသားရက်ပ်ပါအဖြစ် စံချိန်တင်ခဲ့ကာ Spotify တွင် Agust D အမည်နှင့် ကြိုက်နှစ်သက်သူ ၁၅ သန်းကျော်နှင့် ကေပေါ့ပ်ထုတ်လုပ်သူတစ်ဦးဖြစ်ကာ ၂၀၂၆ ခုနှစ် အစောပိုင်းစာရင်းအရ ကိုရီးယားမူပိုင်ခွင့်အသင်း (KOMCA) တွင် မှတ်ပုံတင်ထားသည့် သီချင်း ၁၆၀ ကျော်နှင့် အအောင်မြင်ဆုံး Idol Producer အဖြစ် သတ်မှတ်ခံထားသူလည်း ဖြစ်သည်။

(SKY)



## Kim Go Eun အရှိန်အဝါရှိသော ဆွဲဆောင်မှုကို ပြသခဲ့

အနုပညာရှင် ကင်ဂိုအွန်းသည် ဇာတ်ရုပ်မျိုးစုံကို ပိုင်နိုင်စွာ သရုပ်ဆောင်နိုင်စွမ်းရှိပြီး စိန်ခေါ်မှုအသစ်များနှင့် အရှိန်အဝါရှိသော ဆွဲဆောင်မှုကို ပြသနိုင်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာလောကတွင် ရှားပါးသော မင်းသမီးအဖြစ် သတ်မှတ်ခံရသည့် ကင်ဂိုအွန်းက ဗီလိန်မင်းသမီးဇာတ်ကောင်ကို တိတ်ဆိတ်ခြင်းနှင့် ဗလာခံစားချက်မှ တစ်ဆင့် ပုံဖော်ပြသသွားသည်။

နတ်ဆရာမအဖြစ် Exhuma တွင် မိတ်ကပ်မလိမ်းခြယ်ထားသော မျက်နှာအစစ်နှင့်တွေ့ရပြီး ဇာတ်ကောင် စရိုက်ပြောင်းလဲမှုကို သဘာဝကျကျပုံဖော်နိုင်ခဲ့၍ Caress ဘုရင်မဟု တင်စားခံရသည့် ကျောင်ဒူယွမ်ကပင် ချီးကျူးထားကာ အရှိန်အဝါရှိသော ဆွဲဆောင်မှုကို ပြသခဲ့သူ ဖြစ်သည်။

(SKY)



## Angelina Jolie ကမ္ဘောဒီးယားတွင် ဘဝသစ်စရန် ပြင်ဆင်



အသက်(၅၁)နှစ် ရှိပြီဖြစ်သည့် ဟောလိဝုဒ်မင်းသမီး အင်ဂျလီနာဂျိုလီက ကမ္ဘောဒီးယားတွင် ဘဝသစ်စရန် ပြင်ဆင်နေကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အင်ဂျလီနာဂျိုလီသည် ဘဝသစ် စတင်ရန်အတွက် လော့စ်အိန်ဂျလိစ်၊ လော့စ်ဖိလစ်ရှိ Cecil . B. De Mille House ဇိမ်ခံအိမ်ကြီးကို ရောင်းချရန် ပြင်ဆင်နေသည်။ ၂၀၁၇ ခုနှစ်က ဝယ်ယူထားသော စံအိမ်ကြီးဖြစ်ပြီး ပြည်ပသို့ ပြောင်းရွှေ့ရန်အတွက် ကမ္ဘောဒီးယားနှင့် ဥရောပတွင် နေထိုင်ရန် စီစဉ်ထားသည်။

ကမ္ဘောဒီးယားဘုရင် နိုရိုဒွန် သီဟာမိုနီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ကြိုးပမ်းအားထုတ်ခဲ့သည့် အင်ဂျလီနာဂျိုလီကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၀၅ ခုနှစ်၊ ဇူလိုင် ၃၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသားအဖြစ် ချီးမြှင့်ထားသည်။ ကလေးခြောက်ဦးရှိပြီး ခင်ပွန်း ဘရက်ပစ်နှင့် ကွာရှင်းထားပြီး ကလေးများအားလုံးကို အုပ်ထိန်းနေသူဖြစ်သည်။

(SKY)

# အရှေ့အလယ်ပိုင်းဒေသတွင်း ပဋိပက္ခများ အဆုံးသတ်နိုင်ရန်အတွက် အမေရိကန်-အစ္စရေး တိုက်ခိုက်မှုများ ချက်ချင်းရပ်တန့်ရန် လိုအပ်



**တီဟီရန် မတ် ၂၂**

အရှေ့အလယ်ပိုင်းဒေသတွင်း ပဋိပက္ခများ အဆုံးသတ်နိုင်ရန်အတွက် အမေရိကန်-အစ္စရေး တို့၏ ကျူးကျော်တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ရန် လိုအပ်သည်ဟု အီရန်သမ္မတ မာဆုပီဇက်ရှ်ကီယန်က မတ် ၂၁ ရက်တွင် ပြောကြားခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အီရန်သမ္မတ ပီဇက်ရှ်ကီယန်သည် ထိုနေ့အစောပိုင်းတွင် အိန္ဒိယ ဝန်ကြီးချုပ် နရင်ဒရာ မိုဒီနှင့် ဖုန်းဖြင့် ဆက်သွယ်စကားပြောကြားသည်။

နောင်တွင်လည်း ယင်းကဲ့သို့သော ကျူးကျော်မှုများ တစ်ဖန်ပြန်လည်မဖြစ်ပွားစေရန်အတွက် အာမခံချက်များ ရှိသင့်ကြောင်း ၎င်းက ဝန်ကြီးချုပ် မိုဒီကို ပြောကြားသည်။

ထို့ပြင် အီရန်အပေါ် ကျူးကျော်တိုက်ခိုက်မှုများကို ရပ်တန့်ရာတွင် ဘရစ်ခ်စ် အဖွဲ့ဝင် ထွန်းသစ်စနိုင်ငံများအနေဖြင့် လွတ်လပ်သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးရန်လည်း ၎င်းက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံ၏ ပထမဆုံးသော ဓာတ်ငွေ့တာဘိုင်စက်ရုံ ၅၅၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိ



**ပေကျင်း မတ် ၂၂**

တရုတ်နိုင်ငံ၏ ပထမဆုံးသော ၅၅၀ မဂ္ဂါဝပ်အဆင့်ရှိ ဓာတ်ငွေ့တာဘိုင်ဓာတ်အားပေးစက်ရုံသည် ဝန်အပြည့်ဖြင့် နာရီပေါင်း ၁၆၈ နာရီကြာ စမ်းသပ်မောင်းနှင်မှု အောင်မြင်ပြီးနောက် တရားဝင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ စက်ရုံသည် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချုံကင်းမြို့ရှိ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ စုစုပေါင်း တပ်ဆင်အင်အား ကီလို ဝပ် ၁ ဒသမ ၁ သန်းခန့်ရှိသည့် ယင်းစီမံကိန်း သည် လက်ရှိတွင် တရုတ်နိုင်ငံ၌ အကြီးဆုံးနှင့် စွမ်းဆောင်ရည် အကောင်းဆုံး တစ်လုံးချင်းသုံး အကြီးစားဓာတ်ငွေ့တာဘိုင်စက်ရုံ ဖြစ်သည်။

စီမံကိန်းတစ်ခုလုံး အပြည့်အဝလည်ပတ်ပါက တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၂ ဒသမ ၁ ဘီလီယံခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ယင်းသည် အိမ်ထောင်စုပေါင်း ၁ ဒသမ ၇၅ သန်းခန့်၏ တစ်နှစ်စာ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် တစ်နှစ်လျှင် ကျောက်မီးသွေးတန်ချိန် ၂ သိန်းခန့်ကို ချွေတာနိုင်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကိုလည်း တန်ချိန် ၈ သိန်း ၆ သောင်းခန့် လျှော့ချပေးနိုင်သည့်အပြင် ဆာလဖာဒိုင်အောက်ဆိုဒ်နှင့် ဖုန်မှုန့် ညစ်ညမ်းမှု ထုတ်လွှတ်မှုကိုလည်း သုညနီးပါးအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# တရားစီရင်ရေးစနစ်သစ်ကို ထောက်ခံမဲပေးကြရန် အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာမီလိုနီ တိုက်တွန်း

**ရောမ မတ် ၂၂**

အီတလီနိုင်ငံသားများအနေဖြင့် လူတိုင်းအတွက် ပိုမိုတရားမျှတသော တရားစီရင်ရေးစနစ်ဖြစ်လာမည်ဟု မိမိကတိပြုထားသည့် စနစ်သစ်ကို ထောက်ခံမဲပေးကြရန် ဝန်ကြီးချုပ် ဂျော်ဂျီယာ မီလိုနီက နာမည်ကြီးရက်ပ်အဆိုတော်တစ်ဦးနှင့် ပေါ့ကတ်စ်ထုတ်လွှင့်သူ တစ်ဦးတို့အကြား၌ ထိုင်လျက်ယမန်နေ့က တိုက်တွန်းပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လက်ယာယိမ်းအစိုးရက အဆိုပြုထားသည့် အဆိုပါ သမိုင်းဝင် ပြုပြင်ပြောင်းလဲရေးသည် ဒီမိုကရေစီကို ခြိမ်းခြောက်နေသည်ဟု အတိုက်အခံပါတီများကလည်း တုံ့ပြန်လျက်ရှိပြီး ယင်းကို မီလိုနီ၏ အုပ်ချုပ်မှုကို ဆန့်ကျင်သည့် ဆန္ဒပြမဲပေးပွဲအဖြစ် ပြောင်းလဲရန် ကြိုးပမ်းနေကြသည်ဟု ဆိုရမည်ဖြစ်သည်။

မမြဲသော ညွန့်ပေါင်းအစိုးရများ အုပ်ချုပ်လေ့ရှိသည့် အီတလီနိုင်ငံတွင် သုံးနှစ်ခွဲကြာ အာဏာတည်မြဲနေခြင်းမှာ စံချိန်တင်လုနီးပါးဖြစ်ပြီး အီတလီနိုင်ငံသို့ တည်ငြိမ်မှုဆောင်ကြဉ်းပေးနိုင်ခြင်းကို မီလိုနီက ဂုဏ်ယူလျက်ရှိသည်။

ယခုလူထုဆန္ဒခံယူပွဲ သည် ပုဂ္ဂိုလ်ရေးဆိုင်ရာယှဉ်ပြိုင်မှုဘက်သို့ ပိုမိုဦးတည်လာသောကြောင့် ၎င်းအနေဖြင့် ပထမဆုံးအကြိမ် သိသာထင်ရှားသော ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Mon**

0-0-0-0-0



# နိုင်ငံခြားသားခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်ကာလ ရက်ပေါင်း ၆၀ မှ ရက်ပေါင်း ၃၀ သို့ ထိုင်းအစိုးရလျှော့ချမည်

**ဘန်ကောက် မတ် ၂၂**

ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်ဖြင့် နေထိုင်ခွင့်ကာလကို ရက်ပေါင်း ၆၀ မှ ရက်ပေါင်း ၃၀ သို့ လျှော့ချသတ်မှတ်ရန် အဆိုပြုသွားမည်ဖြစ်ကြောင်း ဥပဒေချိုးဖောက်မှုများနှင့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တားဆီးရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခင်ဝန်ကြီးချုပ် ဆရေထာ ထဝီဆင် အစိုးရလက်ထက်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သော ခရီးသွားကဏ္ဍ မြှင့်တင်ရန်ရည်ရွယ်၍ ရက်ပေါင်း ၆၀ ဗီဇာကင်းလွတ်ခွင့်ကို စတင်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဆီဟာဆက် ဖောင်းကေတုက ပြောကြားသည်။

သို့ရာတွင် လက်ရှိခွင့်ပြုထားသောကာလမှာ လိုအပ်သည်ထက် ပိုမိုရှည်လျားနေနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သဘာပတိအဖြစ် ဆောင်ရွက်သည့် ဗီဇာမူဝါဒကြီးကြပ်ရေးကော်မတီက သုံးသပ်ထားကြောင်း ၎င်းက ပြောကြားသည်။

မကြာသေးမီက ဖူးခက်ကျွန်းသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရန် ရည်ရွယ်ခဲ့သော အဆိုပါစနစ်၏ အားနည်းချက်များနှင့် ပတ်သက်၍ ခရီးသွားလုပ်ငန်းရှင်များထံမှ တိုင်ကြားချက်အမြောက်အမြားကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# (၁၃၉) ကြိမ်မြောက် ကန်တုန်ကုန်စည်ပြပွဲကို ဧပြီ ၁၅ ရက်နေ့တွင် ဖွင့်လှစ်ရန် လျာထား

**ပေကျင်း မတ် ၂၂**


တရုတ်နိုင်ငံတွင်လက်ခံကျင်းပမည့် (၁၃၉) ကြိမ်မြောက် ကန်တုန်ကုန်စည်ပြပွဲကို ပြခန်းပေါင်း ၇၅,၅၀၀ ဖြင့် ဧပြီ ၁၅ ရက်တွင် ဖွင့်လှစ်ရန် လျာထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လာမည့်ကုန်စည်ပြပွဲသည် ကမ္ဘာတစ်ဝန်းမှ ဝယ်ယူသူများအတွက် ကုန်ပစ္စည်းအမျိုးအစားစုံလင်မှု၊ သင့်တင့်သောဈေးနှုန်းဖြင့် အရည်အသွေးမြင့်ထုတ်ကုန်များနှင့် အဆင်ပြေချောမွေ့၍ ယုံကြည်စိတ်ချရသော ဝန်ဆောင်မှုများပါဝင်ပြီး တစ်နေရာတည်းတွင် အလုံးစုံကုန်သွယ်နိုင်မည့် ပလက်ဖောင်းတစ်ခုကို ပံ့ပိုးပေးမည်ဖြစ်သည်။

တင်းကျပ်သော စစ်ဆေးအကဲဖြတ်မှုများကို ကျော်ဖြတ်ကာ ထူးခြားသော တီထွင်ဆန်းသစ်မှုစွမ်းရည်များကို ပြသနိုင်ခဲ့သည့် ကန်တုန်ပြပွဲအမှတ်တံဆိပ် ပြခန်းပေါင်း ၃,၀၀၀ နီးပါး အပါအဝင် လုပ်ငန်းပေါင်း ၃၀,၀၀၀ ကျော်က အဆိုပါပြပွဲတွင် ပါဝင်ပြသရန် စီစဉ်ထားသည်။

ဧပြီ ၁၅ ရက်မှ ၁၉ ရက်အထိ ပထမအဆင့်ကို အဆင့်မြင့်ကုန်ထုတ်လုပ်မှု ကဏ္ဍအပေါ် အဓိကထား လုပ်ဆောင်မည်ဖြစ်ရာ စက်ယန္တရား၊ အိမ်သုံးပစ္စည်း၊ ကိရိယာတန်ဆာပလာနှင့် လျှပ်စစ်ပစ္စည်းများ ကဲ့သို့သော သမားရိုးကျလုပ်ငန်းများအပြင် အီလက်ထရောနစ်နှင့် လူသုံးကုန်ပစ္စည်းများ၊ စွမ်းအင်သစ်သုံး မော်တော်ယာဉ်နှင့် စမတ်နည်းပညာသုံး သွားလာရေးစနစ်များ၊ စက်မှုအလိုအလျောက်စနစ်နှင့် စမတ်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စွမ်းအင်သစ်အရင်းအမြစ်များ စသည့်ကဏ္ဍများတွင် နောက်ဆုံးပေါ်နည်းပညာများနှင့် စမတ်ထုတ်ကုန် အမြောက်အမြားကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**



# တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မယ်ဆိုင်ချောင်းဘေး၌ ငွေကျပ် ၂ ဒသမ ၀၈ ဘီလီယံ ခန့်တန်ဖိုးရှိ အိုက်စ် ၂၆၀ ကီလိုဂရမ်ခန့် သိမ်းဆည်းရမိ



တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မယ်ဆိုင်ချောင်းဘေး၌ ငွေကျပ် ၂ ဒသမ ၀၈ ဘီလီယံခန့် တန်ဖိုးရှိ အိုက်စ် ၂၆၀ ကီလိုဂရမ်ခန့် သိမ်းဆည်းရမိခဲ့သည့် နေရာပြပုံ။

နေပြည်တော် မတ် ၂၂

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသော စွမ်းအားစု၊ အရင်းအမြစ်များ အသုံးပြုပြီး ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့် အပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၂ နာရီ ၃၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မယ်ဆိုင်ချောင်းဘေးရှိ မြေထိန်းနံရံတည်ဆောက်နေသည့်နေရာ၌ မသင်္ကာဖွယ်ရာလူတစ်စုက အနက်ရောင်အိတ်များအား မြေထိန်းနံရံကိုကျော်၍ ကြိုးဖြင့်ချိတ်ဆွဲချကာ မယ်ဆိုင်ချောင်းကို ဖြတ်၍ ထိုင်းနိုင်ငံဘက်သို့ပို့ရန် ဆောင်ရွက်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာဖွေရာ စိုင်းမောင်ဝမ်း (ခ)ဝမ်းဝမ်းနှင့်အတူ အိတ်အနက်ရောင်ဖြင့် တစ်ထပ်၊ ဆာလာအိတ်အစင်းကျားဖြင့် တစ်ထပ်၊ Golden Leaf စာတန်းပါ ရွှေအိုရောင်/ အဖြူရောင်/ ခဲရောင်အိတ်များဖြင့် တစ်ထပ်၊ ၉၉၉ ပလတ်စတစ်အကြည်ရောင်ဖြင့် တစ်ထပ် ထုပ်ပိုးထားသည့် အိတ်တစ်လုံးလျှင် အထုပ် ၂၀ နှုန်းဖြင့် အိုက်စ် ၂၀ ကီလိုဂရမ်ခန့်ပါ အိတ် ၁၃ လုံး အတွင်းမှ အိုက်စ် ၂၆၀ ကီလိုဂရမ်ခန့်(ခန့်မှန်း ငွေကျပ် ၂ ဒသမ ၀၈ ဘီလီယံခန့်) တန်ဖိုးရှိ မူးယစ်ဆေးဝါးအိုက်စ်များကို သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိတရားခံအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီး အမှုဖွင့်ဆောင်ရွက်ထားရှိကာ ဆက်စပ်တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်သည့်သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မယ်ဆိုင်ချောင်းဘေးရှိ မြေထိန်းနံရံတည်ဆောက်နေသည့်နေရာ၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိတရားခံအား တွေ့ရစဉ်။

# အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် ပေါင်းသင်းခဲ့သော တရုတ်နိုင်ငံသားနှင့် ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူခဲ့သူတို့အား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ချမှတ်

နေပြည်တော် မတ် ၂၂

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် ပေါင်းသင်းခဲ့သော တရုတ်နိုင်ငံသားနှင့် ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူတို့အား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကုက္ကိုတန်းကျေးရွာအုပ်စုနေ အမျိုးသမီးတစ်ဦးကို တစ်ရွာတည်းနေ တရုတ်နိုင်ငံမှ ခေတ္တပြန်လာသူ မသဲသဲဦးက တရုတ်ယောကျ်ားနှင့် ပေါင်းသင်းနေထိုင်ပါက ယွမ် ၈၀၀၀၀ ရမည်၊ ကောင်းမွန်စွာနေထိုင်စားသောက် ဝတ်ဆင်ရမည်ဟု စည်းရုံးပြောဆိုပြီး Wechat အကောင့်ဖွင့်ပေး၍ တရုတ်နိုင်ငံသို့ ပြန်သွားခဲ့ကြောင်း၊ တစ်လခန့်အကြာ Wechat မှတစ်ဆင့် ဆက်သွယ်လာခဲ့ပြီး အမျိုးသမီးနှင့်ပေါင်းသင်းနေထိုင်ရမည့် တရုတ်အမျိုးသားကို မြန်မာနိုင်ငံသို့ခေါ်ဆောင်လာမည်ဖြစ်၍ မန္တလေးလေဆိပ်တွင် လာရောက်စောင့်ကြိုရန် ပြောကြားသဖြင့် သွားရောက်စောင့်ကြိုခဲ့ရာ မသဲသဲဦး နှင့်အတူ တရုတ်နိုင်ငံသား လင်းဟုန်း(LIN HONG)ကို တွေ့ရှိခဲ့ရသည်။

ထို့နောက် တရုတ်နိုင်ငံသား လင်းဟုန်းနှင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် နှစ်ရက်ခန့် ပေါင်းသင်းနေထိုင်ပြီး ရွာရှိနေအိမ်သို့ပြန်လာ၍ ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသားနှင့်ပေါင်းသင်းနေထိုင်ခအဖြစ် မသဲသဲဦးက အမျိုးသမီးကို ငွေကျပ်သိန်း ၁၂၀ ပေးခဲ့ပြီး ၎င်းက ယွမ် ၂၀၀၀ ရယူခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ စိတ်(မိတ္ထီလာ)က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ သာစည်မြို့မရဲစခန်း(ပ)၃၁/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး မတ် ၁၉ ရက်တွင် မိတ္ထီလာခရိုင်တရားရုံးမှ တရားခံတရုတ်နိုင်ငံသား လင်းဟုန်းနှင့် မသဲသဲဦးတို့နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မိန်းကလေးတစ်ဦးသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် မိခင်ဖြစ်သူနှင့် စကားများရန်ဖြစ်ပြီး မန္တလေးမြို့ရှိ "မေ"တည်းခိုခန်းတွင် တည်းခိုနေထိုင်စဉ် လူမှုကွန်ရက် Telegram (အမည်မမှတ်မိ)အကောင့်ပိုင်ရှင် မယမင်းထွေးက တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်၊ လမ်းစရိတ်ကုန်ကျခံ၍ ခေါ်ပေးမည်ဟု ရေးသားထားသည်ကို တွေ့ရှိရသဖြင့် ဆက်သွယ်ရာ တည်းခိုခန်းသို့ မယမင်းထွေး စေလွှတ်လိုက်သည့် မူဆယ်မြို့ ဟိုနားရပ်ကွက်နေ မောင်ရဲမာန်အောင်(ခ)ရဲမာန်က လာရောက်ခေါ်ဆောင်ပြီး ဆေးစစ်ဆေးမှုများဆောင်ရွက်ခြင်း၊ အဝတ်အစားများ ဝယ်ပေးခြင်းတို့ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ရန် မန္တလေးမှ လားရှိုးသို့ခေါ်ဆောင်လာစဉ် ပြင်ဦးလွင်မြို့အထွက် စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိသဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်နယ်မြေရဲစခန်း(ပ)၆၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ပို့ခဲ့ပြီး မတ် ၁၉ ရက်တွင် ပြင်ဦးလွင်ခရိုင်တရားရုံးမှ တရားခံရဲမာန်အောင်(ခ)ရဲမာန်အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ မယမင်းထွေးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ကျင့် ၅၁၂ အရ ကျင့် ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငလျင်ဘေးအန္တရာယ် အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် မတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန သရက်ခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုတစ်နှစ်ပြည့် အသိပညာပေးလှုပ်ရှားမှုအနေဖြင့် ငလျင်ဘေးအန္တရာယ် အသိပညာပေး နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၉ နာရီမှ စတင်၍ သရက်မြို့အတွင်းရှိ ဇော်ဂျီရပ်ကွက်၊ ပြည်တော်အေးရပ်ကွက်၊ ရုံးရပ်ကွက်၊ အနောက်ရပ်တောင်ပိုင်းရပ်ကွက်၊ အနောက်ရပ်မြောက်ပိုင်းရပ်ကွက်၊ တောင်မင်းတည်းရပ်ကွက်၊ မြောက်မင်းတည်းရပ်ကွက်၊ ဈေးရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့အသိပညာပေး နှိုးဆော်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြထွေးနှင့် ဝန်ထမ်းများက လမ်းသွားလမ်းလာ ပြည်သူများနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀



# ဆိုင်ကယ်နှင့် ခရီးသည်တင်မော်တော်ယာဉ်တို့ တိုက်မိခဲ့မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**မန္တလေး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၌ ဆိုင်ကယ်နှင့် ခရီးသည်တင်မော်တော်ယာဉ်တို့ တိုက်မိခဲ့မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၁၈ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် ၂၈၈ မိုင် ၆ ဖာလုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပျော်ဘွယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပျော်ဘွယ်မြို့နယ်၊ သပြေပင်ကျေးရွာနေ ဒေါ်လှပု(၄၀)နှစ်ဆိုသူသည် DAYANG 110 ဆိုင်ကယ်အား ပျော်ဘွယ်ဘက်မှ မိတ္ထီလာမြို့သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ပခုက္ကူမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ ဦးလှမျိုးထွန်း(၄၃)နှစ်ဆိုသူ မောင်းနှင်လာသည့် HIGER ခရီးသည်တင်မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်လှပုဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဒေါ်လှပုဆိုသူအား ပျော်ဘွယ်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# လဲချားမြို့နယ် ခိုဟိုင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသည့် တရားမဝင် ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၂

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ နိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်စေရေးနှင့် အလုံးစုံပပျောက်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကောင်းစံကျေးရွာအနီးတစ်ဝိုက်တွင် နယ်မြေရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်စဉ် မတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် အဆိုပါကျေးရွာအနီးတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့တွင်လည်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲခန့်တွင် လဲချားမြို့နယ် ခိုဟိုင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၅၀၀ ခန့်အကွာ၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ငါးဦးတို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မတ် ၂၀ ရက်တွင် ကောင်းစံကျေးရွာအနီး သိမ်းဆည်းရမိခဲ့သည့် တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ယာယီအဆောက်အအုံများအား စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်





လဲချားမြို့ ခိုဟိုင်းကျေးရွာအနီး တရားမဝင် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ ပြည်ပနိုင်ငံသားများအား ဖမ်းဆီးရမိသည့်နေရာပြပုံ။

လဲချားမြို့နယ် ခိုဟိုင်းကျေးရွာအနီး၌ ဖမ်းဆီးရမိသည့် တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်သူများအား ဖမ်းဆီးရမိစဉ်။





၂၀-၃-၂၀၂၆ ရက်နေ့တွင် လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး သိမ်းဆည်းရမိခဲ့သည့် တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ယာယီအဆောက်အအုံများအား စနစ်တကျမီးရှို့ဖျက်ဆီးခဲ့မှုအား တွေ့ရစဉ်။

## နေအိမ်မီးလောင်မှု ဖြစ်ပွား

ပဲခူး မတ် ၂၂

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာကျေးရွာအုပ်စု၊ ဂုံမင်းရှိကျေးရွာရှိ ပိုင်ရှင် ဦးတင်မျိုးအောင်(၄၂) နှစ်ဆိုသူ၏ (၂၅ ပေ× ပေ ၃၀)၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်တွင် မတ် ၂၀ ရက် နံနက် ၂ နာရီ ၃၅ မိနစ်ခန့်က လျှပ်စစ်ရေနွေးအိုးတည်ထားရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် အုတ်ဖိုမြို့နယ်နှင့် အေးမြသာယာနယ်မြေမီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် (၂၅ ပေ× ပေ ၃၀)၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦးတင်မျိုးအောင်ဆိုသူအား အေးမြသာယာနယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သတင်းအရ သက်သေများနှင့်အတူ မိုင်းယန်းမြို့နယ်၊ နမ့်မုတ်ကျေးရွာနေ ဒေါ်နန်းအွေ ဆိုသူ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၂၀၀ အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ဒေါ်နန်းအွေ(၆၂)နှစ်ဆိုသူအား မိုင်းယန်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀






## ဂျိမ်းစ်မက်ဒီဆန် ဒဏ်ရာမှပြန်လည်သက်သာလာခြင်းကြောင့် စပါးအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ



**လန်ဒန် မတ် ၂၂**

စပါးအသင်းကွင်းလယ် ကစားသမား ဂျိမ်းစ်မက်ဒီဆန် ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ဩဂုတ်လကတည်းက ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့မှုကြောင့် အနားယူနေရပြီး လက်ရှိအချိန်မှ ပြန်လည်သက်သာလာကာအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနေပြီ ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆန် ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် စပါးအသင်းအတွက်လည်း အားတက်စရာဖြစ်လာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆန်သည် စပါးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၇၅ ပွဲ ကစားပြီး ၁၆ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(ဝဲပုံ) (NGB)

## ရူဒီဂါကို စာချုပ်သက်တမ်းတိုးရန် ရီးရဲလ်မက်ဒရစ်အသင်းစီစဉ်

**မက်ဒရစ် မတ် ၂၂**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းနောက်ခံကစားသမား ရူဒီဂါကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ရီးရဲလ်



မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၃ပွဲကစားကာ ရှစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်ချက်တွင် "ရူဒီဂါကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## ဟယ်ရီကိန်း ဘွန်ဒက်လီဂါသွင်းဂိုး ၃၁ ဂိုးအထိ ရှိလာ

**မြူးနစ် မတ် ၂၂**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်း ယခုနှစ်ဘောလုံးရာသီတွင် ဘွန်ဒက်လီဂါ သွင်းဂိုး ၃၁ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီ ဘွန်ဒက်လီဂါပြိုင်ပွဲတွင် သွင်းဂိုး ၃၁ဂိုးဖြင့် ထိပ်ဆုံးတွင်ရပ်တည်ပြီး ဒုတိယနေရာမှ ဒင်းနစ်ဇ်အန်ဒါ့ဇ်နှင့် ၁၅ ဂိုးအထိ ကွာဟနေမှုကြောင့် ရွှေဖိနပ်ဆု ရရှိရန် သေချာလုနီးပါး ရှိနေပြီဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၆ ပွဲ ကစားပြီး ၁၃၃ဂိုးအထိလည်း သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ



ဟယ်ရီကိန်းက "ကျွန်တော် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ နောက်ထပ်လည်း သွင်းဂိုးမြောက်များစွာ သွင်းယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ပြီးတော့ ဒီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ ဘွန်ဒက်လီဂါ ချန်ပီယံဆု အပြင်၊ ချန်ပီယံလိဂ် ချန်ပီယံဆုကြီးကိုလည်း ရယူနိုင်အောင် အစွမ်းကုန် ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* အင်တာမီလန်အသင်းသည် ကလပ်ဘရုဂေးအသင်း ကွင်းလယ်ကစားသမား အလက်ဇန္ဒားစတာန်ကိုဗစ်ချ်ကို ယူရို ၂၃သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA) သည် FIFA Asean Cup 2026 ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (NGB)



## ပီအက်စ်ဂျီအသင်းက နိစ်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ပါရီ မတ် ၂၂**

ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပီအက်စ်ဂျီအသင်းနှင့် နိစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက နိစ်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် နူနိုမန်ဒက်စ်၊ ပွဲချိန် ၄၉ မိနစ်တွင် ဒူအီး၊ ပွဲချိန် ၈၁ မိနစ်တွင် ဒရိုဖာနန်ဒက်ဇ်၊ ပွဲချိန် ၈၅ မိနစ်တွင် ဖိုင်ယာအမ်မရီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်လီဂူးပွဲစဉ်(၂၆)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၆၀ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိပြီး ချန်ပီယံဆုဆွတ်ခူးရန်လည်း ရေပန်းစားလျက်ရှိသည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် လာမည့် ဧပြီ ၄ ရက်တွင် တူးလော့စ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဒူစ်ဘာရီဟောလ် အသင်းတွင် ဆက်ရှိသွားမည်ဟု အဲဗာတန်အသင်းအတည်ပြု



**လန်ဒန် မတ် ၂၂**

ကွင်းလယ်ကစားသမား ဒူစ်ဘာရီဟောလ်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်ကြောင်း အဲဗာတန်အသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ် ကစားသမားကို လက်ရှိအချိန်တွင် မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အဲဗာတန်အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား ဒူစ်ဘာရီဟောလ်သည် အဲဗာတန်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၄ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အဲဗာတန်အသင်း ထုတ်ပြန်ချက်တွင် "ဒူစ်ဘာရီဟောလ် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ) (NGB)

## နည်းပြ ဗယ်လ်ဗာဒီ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘီလ်ဘာအိုအသင်းမှ ထွက်ခွာမည်

**မက်ဒရစ် မတ် ၂၂**

ဘီလ်ဘာအိုအသင်းနည်းပြ ဗယ်လ်ဗာဒီ အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ယခုနှစ်ဘောလုံးရာသီ အကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။



အဆိုပါ နည်းပြသည် ဘီလ်ဘာအိုအသင်းအား ၂၀၂၂ခုနှစ် ဇွန် ၃၀ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၈၈ပွဲတွင် ၈၇ပွဲနိုင်၊ ၄၅ပွဲ သရေ၊ ၅၆ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

နည်းပြ ဗယ်လ်ဗာဒီသည် ဘီလ်ဘာအိုအသင်းအား စပိန်ဘုရင့်ဖလား ချန်ပီယံဆုကို ရရှိအောင်လည်း ဆွတ်ခူးပေးနိုင်ခဲ့သည်။

အသက်(၆၂)နှစ်အရွယ်ရှိ နည်းပြ ဗယ်လ်ဗာဒီအနေဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘီလ်ဘာအိုအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းအား ပြောင်းလဲကိုင်တွယ်သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## 2026 Miami Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Carlos Alcaraz တက်ရောက်

**မိုင်ယာမီ မတ် ၂၂**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Miami Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဘရာဇီးတင်းနစ်ကစားသမား Joao Fonseca အား ၆-၄၊ ၆-၄ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။


2026 Miami Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် အမေရိကန်တင်းနစ်ကစားသမား Sebastian Korda တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ယာပုံ)

(NGB)

*-*-*-*-*-*-*





## လီယန်ဒီလပ်ကို ခေါ်ယူရန် နယူးကာဆယ်အသင်း စီစဉ်

**လန်ဒန် မတ် ၂၂**

နယူးကာဆယ်အသင်းသည် ချဲလ်ဆီးအသင်း တိုက်စစ်မှူး လီယန်ဒီလပ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိပြီ ဖြစ်သည်။

အသက်(၂၃)နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇ ပွဲ ကစားပြီး သုံးဂိုး သွင်းယူကာခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး လီယန်ဒီလပ် ကိုယ်တိုင်ကလည်း လက်ရှိအချိန် ချဲလ်ဆီးအသင်း တာဝန်ရှိသူများနှင့်အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် လာမည့်နွေရာသီ ဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းထံမှ လီယန်ဒီလပ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)



# နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

**မကွေး မတ် ၂၂**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲကို မတ် ၂၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အားကစားကွင်း၊ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ အရာရှိကြီးများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများ၊ သင်တန်းဆင်း လူငယ်မောင်မယ်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ယခုဖွင့်လှစ်လိုက်သည့် သင်တန်းကရရှိလာမည့် နည်းစနစ်များကို လေ့ကျင့်ဖို့လိုအပ်ကြောင်း၊ အားကစားနည်းတစ်ခုကို လေ့လာလိုက်စားရာတွင် "လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲ ဆီသို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း လေ့ကျင့်မှ ကျွမ်းကျင်မှာဖြစ်ပြီး ကျွမ်းကျင်မှ မိမိကိုယ်ကို ပြိုင်ပွဲတွင် အောင်မြင်မှုရရှိမည်ဆိုသည့် ယုံကြည်မှုရရှိမှာဖြစ်ပါကြောင်း၊ သင်တန်းက သင်ယူရရှိလာသည့် နည်းစနစ်နှင့် ကျွမ်းကျင်မှုများကို အခြေခံပြီး အဆင့်မြင့်အားကစားပညာရပ်များကို ဆက်လက်လေ့လာလိုက်စားကြပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် နွေရာသီအခြေခံ အားကစားသင်တန်းတွင် သင်ကြားခဲ့သော အားကစားနည်းများထဲမှ ရိုးရာခြင်းကစားနည်း၊ ဝုရှုးကစားနည်း၊ လက်ဝှေ့ကစားနည်း၊ ကရာတေးကစားနည်းနှင့် Physical Fitness Dance သက်ဆိုင်ရာ အားကစားနည်းများအလိုက် သရုပ်ပြသခဲ့ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းနည်းပြများနှင့် သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ နွေရာသီအခြေခံ အားကစားသင်တန်းတွင် ဘောလုံး၊ ဖူဆယ်၊ ဝုရှုး၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ Physical Fitness Dance နှင့် အေရိုးဗစ်၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ ကြက်တောင်၊ လက်ဝှေ့နှင့် ကရာတေးဒို စသည့် အားကစားနည်းများကို မတ် ၁ ရက်မှ ၂၁ ရက်အထိ သင်တန်းနည်းပြများက စနစ်တကျ လေ့ကျင့်သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**



# တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ကုထုံးစွမ်းရည်မြင့်မားရေးသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး မတ် ၂၂**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စွမ်းရည်မြင့်မားရေး ပဉ္စကမ္မကုထုံးလက်တွေ့သင်တန်း(၁/၂၀၂၆) ဆင်းပွဲကို မတ် ၂၀ ရက် မွန်းလွဲ ၃ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံ(မန္တလေး) အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာ သိန်းဇော်လင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် ဂုဏ်ထူးဆောင်ပါမောက္ခပါမောက္ခ မောင်မောင်သက်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီးနောက် သင်တန်းပို့ချသည့် ဆရာကြီး၊ ဆရာမကြီးများဖြစ်ကြသော ဂုဏ်ထူးဆောင် ပါမောက္ခ၊ ပါမောက္ခ မောင်မောင်သက်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)၊ ပါမောက္ခ တင်တင်ဝင်း၊ ပါမောက္ခ၊ ဌာနမှူး အကြောအရိုး၊ အဆစ်ပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ် ဒေါ်နိုင်းကီးမြူးမံ(ကထိက)၊ အကြောအရိုး၊ အဆစ်ပညာဌာနတို့အား တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

သင်တန်းအတွက် အဟာရဒါနအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက၊ သိပ္ပကျော်စွာဆရာကြီး ဦးမြင့်လွင်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်ထပ်၊ ပါမောက္ခ မောင်မောင်သက်တို့က ပေးအပ်ကြပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းဆေးရုံ၊ ဆေးကုဌာနများမှ တိုင်းရင်းဆေးမှူး၊ ဒုတိုင်းရင်းဆေးမှူး၊ လက်ထောက်တိုင်းရင်းဆေးမှူးနှင့် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၇၀)

# ပိုးသတ်ဆေးနှင့် ဓာတုဆေးများကို စနစ်တကျအသုံးပြုရန် ပညာရှင်များက တိုက်တွန်း

**ရန်ကုန် မတ် ၂၂**

ယနေ့ခေတ် စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးနှံထွက်ရှိမှုမြှင့်တင်ရန်နှင့် ပိုးမွှားများကို ထိန်းချုပ်နိုင်ရန်အတွက် ပိုးသတ်ဆေးများနှင့် စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများကို ကျယ်ပြန့်စွာ အသုံးပြုလာကြသည်။

ဓာတုပစ္စည်းများကို စနစ်တကျ မကိုင်တွယ်ဘဲ အသုံးပြုနေခြင်းများကြောင့် လူနှင့်ပတ်ဝန်းကျင်အပေါ် အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း ပညာရှင်များက သတိပေးထားသည်။

ပိုးသတ်ဆေးများသည် ပြင်းထန်သည့် ဓာတုအဆိပ်များဖြစ်သည့်အတွက် အသုံးပြုရာတွင် အထူးသတိပြုရန် လိုအပ်ပြီး စနစ်တကျ အသုံးမပြုပါက မြေထု၊ ရေထုနှင့် လေထုတို့တွင် ညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်သည့်အပြင် လူနှင့် တိရစ္ဆာန်များအတွက်ပါ အသက်အန္တရာယ် ဖြစ်စေနိုင်သည်။ **(အပေါ်ယာပုံ)**

ပိုးသတ်ဆေးအသုံးပြုမည့်သူများအနေဖြင့် ဆေး၏အညွှန်းများကို သေချာဖတ်ရှုနားလည်ထားရမည်ဖြစ်ပြီး ဆေးဖျန်းရာတွင် ဦးထုပ်၊ မျက်မှန်၊ ရော်ဘာလက်အိတ်၊ ပါးစပ်နှာခေါင်းစည်းနှင့် အကာအကွယ်ဝတ်စုံများကို ပြည့်စုံစွာ ဝတ်ဆင်သင့်ကြောင်း လမ်းညွှန်ထားသည်။ ဆေးဖျန်းကိရိယာများကိုလည်း လုံခြုံမှုရှိ၊ မရှိ စစ်ဆေးပြီးမှ အသုံးပြုရမည်ဖြစ်သည်။

ဆေးဖျန်းနေစဉ်အတွင်း လေပြင်းတိုက်ခတ်လာပါက မဖျန်းရန်၊ ကလေးများနှင့်တိရစ္ဆာန်များ အနီးတွင် မထားရှိစေရန်နှင့် ဆေးဖျန်းနေစဉ်အတွင်း အစားစားခြင်း၊ ရေသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

ဆေးဖျန်းပြီးနောက်တွင်လည်း ခန္ဓာကိုယ်နှင့် အသုံးပြုခဲ့သော ကိရိယာများကို ဆပ်ပြာ၊ ရေဖြင့် သန့်ရှင်းစွာ ဆေးကြောရန် လိုအပ်ကြောင်း ပညာရှင်များက အကြံပြုထားသည်။

အသုံးပြုပြီးသော ပိုးသတ်ဆေးဘူးများကို စနစ်တကျ စွန့်ပစ်ရန် လိုအပ်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန် မြေကျင်းနက်နက်တွင် မြှုပ်နှံသင့်သည်။

ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ပိုးသတ်ဆေးနှင့် ဓာတုဆေးများ အသုံးပြုရာ၌ မိမိနှင့် ပတ်ဝန်းကျင်အန္တရာယ်ကင်းရှင်းစေရန်အတွက် နည်းစနစ်တကျ ဆင်ခြင်အသုံးပြုကြရန် လိုအပ်ကြောင်း ပညာရှင်များက တိုက်တွန်းထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



# မြစ်သားမြို့နယ်၌ ယခုနှစ် နွေစပါး စိုက်ပျိုးရာသီတွင် ၂၀၁၁၀ ဧက လျာထားစိုက်ပျိုး

**မြစ်သား မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ရေရရှိရေးနည်းလမ်းများအလိုက် နွေသီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဒေသတွင်း ဝမ်းစာဖူလုံရေးအတွက် နွေစပါးမျိုးကွဲများဖြစ်သည့် မနောသုခ၊ GW-11၊ ရွှေမနော်၊ ထိုင်းနံ့ကောက်၊ အောင်နိုင်တိုး စသည့် စပါးမျိုးများကို ၂၀၁၁၀ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း တောင်သူများအား အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ အရည်အသွေးကောင်းသော သီးနှံများထွက်ရှိရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

မြစ်သားမြို့နယ်၌ နွေစပါးစိုက်ပျိုးမည့် ရေတန်းစခန်းများဖြစ်သည့် မြို့မ၊ သီလင်၊ ရွာခိုင်ကြီး၊ ကူမဲ၊ မိုင်းမော၊ ဒါးရယ်ကောင်း၊ ရစ်ကန်ရှေ့တန်းစခန်းများတွင် စိုက်ပျိုးမည့် မျိုးကွဲများအလိုက် နွေစပါးအထွက်နှုန်းများ တိုးတက်စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်စေရန်နှင့် နွေစပါးစိုက်ပျိုးသည့် တောင်သူများအတွက် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများကို ထည့်သွင်းခြင်းဖြင့် အထွက်နှုန်းကောင်းမွန်စေမည်ဖြစ်ကြောင်း နွေစပါးစိုက်ပျိုးသည့် တောင်သူထံမှ သိရသည်။

(အောက်ပုံ)

**ဝါဝါမြင့်(မြစ်သား)**



## မန္တလေးဒေသကောလိပ် All regional နှစ်(၅၀)ပြည့် ရွှေရတုအာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ဆွေးနွေး

**မန္တလေး မတ် ၂၂**

မန္တလေးဒေသကောလိပ် All regional နှစ်(၅၀)ပြည့် ရွှေရတု အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက မဟာအောင်မြေမြို့နယ်၊ ၄၁လမ်းရှိ KMC ကိုယ်ပိုင်အထက်တန်း




ကျောင်းခန်းမတွင် ကျင်းပရာ မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖောင်ဒေးရှင်းနာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် မန္တလေးဒေသကောလိပ် နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ ကျင်းပနိုင်ရေး၊ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် ပညာသင်နှစ်အလိုက် အလှူငွေများ ကောက်ခံရေးနှင့် ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

မန္တလေးဒေသကောလိပ်ကို ၁၉၇၆-၁၉၇၇ ပညာသင်နှစ်မှ စတင်၍ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်းတွင် ၁၉၇၇ ခုနှစ် မေ ၂၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ရှိ ရတနာဘုမ္မိနယ်မြေသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)

## တောင်သူများအား မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ထောက်ပံ့ပေးပြီး ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းပို့ချ

**သာစည် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား မျိုးကောင်း၊မျိုးသန့် မျိုးစေ့ ထောက်ပံ့ပေးပြီး ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းပို့ချခြင်းကို မတ် ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က ဌာနမှ ဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က မြို့နယ်အတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ပတ်သက်၍ အမှာစကားပြောသည်။

ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဌေးဌေးနှင့် တာဝန်ရှိသူများက တောင်သူများထံ မျိုးစေ့များ ထောက်ပံ့ပေးအပ်ရာတွင် ကျေးရွာအုပ်စု ၆၅ အုပ်စုမှ တောင်သူ ၁၀၀ ဦးတို့ကို မျိုးစပါး၊ နေကြာသီးနှံ၊ ချည်မျှင်ရှည်ဝါ၊ နှမ်းသီးနှံနှင့် သစ်စိမ်းမြေသြဇာတို့ကို ပေးအပ်ခြင်းဖြစ်ကြောင်း၊ မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲသို့ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းကို ပို့ချကြရာ တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၇)





## ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း မတ် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက ရပ်ကွက်၊ ကျေးရွာ မြေပြင်တည်ရှိမှုနှင့် ဖေဖော်ဝါရီ ၂၆ ရက်က ဗလမင်းထင်ခန်းမ၌ ကျင်းပသည့် ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ မြို့အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးများ တွေ့ဆုံအစည်းအဝေးတွင် မီးခိုးမြူငွေ့ကင်းရှင်းရေး တောမီးရှို့ခြင်း မပြုလုပ်ရန်၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ မပြုလုပ်ရန် စသည့် အစည်းအဝေးဆုံးဖြတ်ချက်များအား ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာအုပ်စု စာရေးများက ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၅)

## မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**စစ်ကိုင်း မတ် ၂၂**

စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းစက်ရုံရှိ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဒီဇယ်စက်ခေါင်းစက်ရုံရှိ ခန်းမ၌ ကျင်းပခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်ဟန်က မီးလောင်မှုမဖြစ်ပေါ်စေရေး၊ မီးလောင်မှုဖြစ်ပွားပါက မြန်မြန်ငြိမ်းသတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်ရေးစနစ်များ ထပ်မံဖြည့်တင်းတပ်ဆင်နိုင်ရေး၊ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စေရေး၊ လောင်စာသိုလှောင်ထားရှိမှု၊ ဝင်၊ထွက်လမ်းများ ကောင်းမွန်စေရေး၊ အရေးပေါ်ရေလုံလောက်စွာ ရရှိစေရေး၊ မီးသတ်ဆေးဘူး အသုံးပြုတတ်စေရေး၊ 191 Report Application ကို တွင်တွင်ကျယ်ကျယ် အသုံးပြုတတ်စေရေး အသိညာပေးဟောပြောခဲ့ပြီး လက်တွေ့မီးငြိမ်းသတ်နည်းများ သရုပ်ပြသခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

*-*-*-*-*-*-*

## အနံ့အရသာအကောင်းဆုံး ရွှေဖီမိုးလွတ် လက်ဖက်ရွက်နုများ စတင်ခူးဆွတ်

**ပင်းတယ မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် ကျေးရွာများတွင် စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းများမှ အနံ့အရသာ အကောင်းဆုံး လက်ဖက်အမျိုးအစားဖြစ်သော ရွှေဖီမိုးလွတ် လက်ဖက်ရွက်နုများကို ဧပြီလ လဆန်းတစ်ရက်မှ စတင်၍ ခူးဆွတ်နေပြီဖြစ်သည်။

အဆိုပါ ရွှေဖီမိုးလွတ်လက်ဖက်ရွက်နုများကို တန်ခူးလ(ဧပြီ) သင်္ကြန်ပွဲတော်ကာလမတိုင်မီ ခူးဆွတ်ကြပြီးလျှင် ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ လာရောက်လည်ပတ်ဖူးမြော်ကြသည့် မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးဧည့်သည်များထံ ရောင်းချကြကြောင်း၊ မြို့နယ်အတွင်းရှိ ဈေးများ၊ မြန်မာနိုင်ငံရှိ မြို့ကြီးများသို့လည်း တင်ပို့ရောင်းချကြကြောင်းနှင့် ရွှေဖီမိုးလွတ် လက်ဖက်ရွက်နုများမှာ အရသာအထူးကောင်းမွန်၍ တစ်နှစ်ပတ်လုံး ထွက်ရှိသည့် လက်ဖက်ရွက်နုများတွင် အကောင်းဆုံး အမျိုးအစားဖြစ်သည်။

ယခုလက်ဖက်ခြံများမှ ရွှေဖီမိုးလွတ် လက်ဖက်ရွက်နုစိမ်းများ လာရောက် ခူးဆွတ်ကြသူများအတွက် နေ့စဉ် တောင်သူတစ်ဦးကို တစ်ရက်လျှင် လက်ဖက်ရွက်နု ငါးပိသာခန့် ခူးဆွတ်ရရှိပြီး ရွက်စိမ်းများအား ရွှေဖီမိုးလွတ် လက်ဖက်ခြောက်အဖြစ် နေလှန်း၍ ရွက်ကြမ်း၊ ရွက်နု၊ ရွက်ညွန့်ခြောက်များ ခွဲခြမ်းစိတ်ဖြာကြ၍ ရွက်နုချောတစ်ပိသာလျှင် ငွေကျပ် ၁၅၀၀၀မှ ၂၀၀၀၀အထိ လည်းကောင်း၊ ရွက်နုလက်ဖက်စိုတစ်ပိသာလျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၃၀၀၀ အထိ လည်းကောင်း ဈေးနှုန်းများသတ်မှတ်၍ ပို့ဆောင်ရောင်းချလျက်ရှိသည်။

လက်ဖက်စိုက်ခင်းများကို တောင်ပေါ်ကြီးကျေးရွာအုပ်စုမှ ကျေးရွာများ၊ သရက်ကုန်းကျေးရွာအုပ်စုမှ ကျေးရွာများ၊ ထွက်နီကျေးရွာအုပ်စုမှ ကျေးရွာများ၊ ပန်းစစ်ကျေးရွာအုပ်စုမှ ကျေးရွာများ၊ ကူးကော်ကျေးရွာအုပ်စုမှ ကျေးရွာများ၊ ရေဖြူကျေးရွာအုပ်စု၊ ညောင်ကောက်ကျေးရွာအုပ်စုမှ ကျေးရွာများရှိ လက်ဖက်ခြံများတွင် မိရိုးဖလာ လက်ဖက်ပင်များ အများအပြားစိုက်ပျိုးကြပြီး အခြားရပ်ကွက်နှင့် ကျေးရွာများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း၊ နှောင်းတန်ခူးလကုန်ရက်မှ စတင်မည့် အတာသင်္ကြန်ပွဲတော်အမီ မိသားစုစားဝတ်နေရေး အဆင်ပြေစေရန် နာမည်ကျော်ကြား 'ရွှေဖီမိုးလွတ်' လက်ဖက်ခြောက်၊ လက်ဖက်စိုထုတ်ကုန် နှစ်မျိုးထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း ဒေသနေ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း အစရှိသော တိုင်းရင်းသားလက်ဖက်စိုက်ပျိုးသူ တောင်သူများထံမှ သိရသည်။

(အောက်ပုံ)

(၃၃၈)



DE ဦးသန်းမြင့်ရေ....

# ကျွန်တော်နှင့် တောင်သမန်အင်း အပိုင်း(၂)

တောင်သမန်ကန်အတွင်း Portable Multi-Parameter Water Quality Monitoring (U-53G) ဖြင့် ၂၀၂၂ ခုနှစ်အတွင်း တိုင်းတာစစ်ဆေးမှုအခြေအနေသည် (၁၁)ကြိမ်ရှိခဲ့ပါပြီ။ တိုင်းတာစစ်ဆေးခဲ့သော ရေထုအရည်အသွေး တိုင်းတာမှုရလဒ်များအရ ရေထုအပူချိန်(Water Temperature)နှင့် အနည်အနှစ်(Turbidity,, NTU)ပမာဏများသည် သတ်မှတ်ပမာဏထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။

Oxidation Reduction Potential (ORP) သည် သတ်မှတ်ပမာဏထက် ကျဆင်းနေသည်ကို တွေ့ရပါသည်။ ကျန် Parameterများဖြစ်သော PH၊ EC၊TDS၊ DO နှင့် Salinity တန်ဖိုးများကတော့ လမ်းညွှန်ပမာဏအတွင်း တည်ရှိနေပါသည် ခင်ဗျား။ တောင်သမန်ကန်ပတ်ဝန်းကျင်ရှိ နေအိမ်၊ ဈေးဆိုင်နှင့် စားသောက်ဆိုင်များမှ စွန့်ပစ်သော အစိုင်အခဲစွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ အိမ်သုံးစွန့်ပစ်ရေဆိုးများ၊ စက်မှုလုပ်ငန်းမှ စွန့်ပစ်ရေဆိုးများ အင်းအတွင်း ဝင်ရောက်လာခြင်းနှင့် တောင်သမန်အင်းအတွင်း အိမ်သုံးစွန့်ပစ်ရေဆိုးများ စီးဝင်သော ကိုလံဘိုမြောင်းတွင် လေပေးသန့်စင်စက် (Surface Aeratot) များ လည်ပတ်မှုအားနည်းခြင်းကြောင့် ဖြစ်နိုင်တယ်လို့ သုံးသပ်တွေ့ရှိရပါသည်။

**တောင်သမန်အင်းအတွင်းမှာ ရှိတဲ့ ရေအရည်အသွေးကောင်းမွန်စေရန်အတွက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ မြောက်မြားစွာ ရှိနေခြင်းကို ဖယ်ရှားဖို့ကတော့...**

(၁) စည်ပင်သာယာရေး ဝန်ထမ်းများနှင့် ရှင်းလင်းဖယ်ရှားခြင်း၊

(၂) ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် လူထုအင်အားတို့ဖြင့် ပူးပေါင်းပြီး Campaign လှုပ်ရှားမှုဖြင့် ရှင်းလင်းခြင်း၊

(၃) စွန့်ပစ်ပလတ်စတစ် အမှိုက်များကို ပုံမှန်ဝယ်ယူခြင်း၊

(၄) အမှိုက်ပုံးများ၊ အမှိုက်ကန်များ ပိုမိုထားရှိပေးရန်နှင့် စနစ်ကျသော အမှိုက်သိမ်းစနစ် ဆောင်ရွက်ရန်၊

(၅) ကန်အနီးအနားပတ်လည်တွင် ပလတ်စတစ်အိတ်၊ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ အသုံးပြု၍ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူများမှ လစဉ်(သို့)အပတ်စဉ် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ပိဿာချိန်အလိုက် အပ်နှံစေခြင်းစသည်တို့ကို ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်ခင်ဗျား။

**တောင်သမန်အင်းအတွင်း စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များ ထပ်မံဝင်ရောက်လာခြင်းနှင့် စွန့်ပစ်မှုကို ထိန်းချုပ်ရန်အနေဖြင့်...**

(၁) ကန်ရေပြင်သို့ ဝင်လာသောချောင်း၊ မြောင်းများတွင် အမှိုက်စစ်ဆန်ခါများ တပ်ဆင်၍ ဖယ်ရှားခြင်း၊ ပိုက်တန်း(ဘုံးတန်း)များတား၍ ဆယ်ယူဖယ်ရှားခြင်း၊

(၂) အင်းအနီးပတ်လည်တွင် ဖွင့်လှစ်ရောင်းချသည့် ဈေးဆိုင်များ၊ စားသောက်ဆိုင်များတွင် တစ်ခါသုံးပလတ်စတစ် (အထူးသဖြင့် ကြွပ်ကြွပ်အိတ်၊ ဖော့ဘူး) လုံးဝအသုံးမပြုရန် ကန့်သတ်ခြင်း၊ စည်းကမ်းဖောက်ဖျက်မှုကို အရေးယူဆောင်ရွက်ရန်၊

(၃) ကန်ရေပြင်သို့ အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများ၊ အနီးအနားရပ်ကွက်၊ ကျေးရွာများမှ စွန့်ပစ်မှုမရှိစေရေး တင်းကျပ်သည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် ထိန်းသိမ်းရန်၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များ ဝင်ရောက်မှုကို မိုးဦးမကျမီ စီစဉ်ထိန်းသိမ်းဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်ခင်ဗျား။

**ကန်အတွင်းသို့ ဝင်ရောက်သည့် ရေ၏ အရည်အသွေးကောင်းမွန်စေရေး ထိန်းသိမ်းရန်အတွက်...**

(၁) တောင်သမန်အင်းအတွင်းသို့ စီးဝင်သည့် ကိုလံဘိုမြောင်း၊ ပန်းရံတော်ချောင်းတို့မှ စွန့်ပစ်ရေဆိုးများဝင်ရောက်မှုကို လျှော့ချရန်အတွက် ကိုလံဘိုမြောင်းတွင် တပ်ဆင်ထားသော လေမှုတ်အနည်ထိုင် စနစ်ပြန်လည်ပတ်နိုင်စေရန် ဆောင်ရွက်ခြင်း၊

(၂) စက်မှုဇုန်ဘက်မှ စွန့်ပစ်ရေဆိုးများ စည်ပင်သာယာ၏ ၁၀ လက်မ ဗဟိုရေဆိုးစွန့်ပစ်ပိုက်လိုင်းဘက်မှသာ စွန့်ပစ်ရန်နှင့် တောင်သမန်ကန်ဘက်သို့ ရောက်ရှိနိုင်သော ရေလမ်းကြောင်းဘက်သို့ သန့်စင်စနစ် မဆောင်ရွက်ဘဲ လုံးဝစွန့်ပစ်ခြင်း မပြုရန်၊

(၃) တောင်သမန်ကန်သို့ ဝင်ရောက်သည့် ရေများပေါင်းဆုံသည့်နေရာတွင် အမှိုက်စစ်ထုတ်ခြင်း၊ (ဥပမာ-ဆန်ခါများ တပ်ဆင်ခြင်း၊ အနည်အနှစ်လျော့ကျစေရန် အနည်ထိုင်စနစ်နှင့် Constructed Wetland ကဲ့သို့ လက်တွေ့ရေရှည် စီမံခန့်ခွဲနိုင်ပြီး အကုန်အကျ သက်သာစေသောနည်းဖြင့် ရေထုညစ်ညမ်းမှုကို လျှော့ချသွားရန်၊

(၄) ကန်အနီးအနားရှိ အိမ်ရာစီမံကိန်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးများတွင် ရေဆိုးသန့်စင်စနစ်တပ်ဆင်စေရန်နှင့် အမှိုက်စွန့်ပစ်စနစ်ကို စနစ်တကျဆောင်ရွက်စေရန်၊

(၅) ကန်ဧရိယာနှင့် ဆက်စပ်မြေနေရာများ၊ အနီးအနားကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ဆောင်ရာတွင် သဘာဝမြေဩဇာ အသုံးပြုမှု ပိုမိုတွန်းအားပေးဆောင်ရွက်ရန်၊ ပိုးသတ်ဆေး လျှော့ချသုံးစွဲနိုင်ရေးဆောင်ရွက်ရန်နှင့် GAP(Good Agriculture Practice)ကို လက်တွေ့အသုံးချ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၆) ကန်ဧရိယာနှင့် ဆက်စပ်နေရာများတွင် ယာယီလွတ်ကြောင်းစခန်းချစနစ်ဖြင့် ဆောင်ရွက်သော ကြက်၊ ဘဲ၊ နွားမွေးမြူရေး ဆောင်ရွက်ချက်များကြောင့် ကန်ရေညစ်ညမ်းမှု မရှိစေရေးကြပ်မတ်ဆောင်ရွက်ရန်၊

(၇) အမရပူရနှင့်အနီးအနား ရွာများမှ ချည်ဆေးဆိုးလုပ်ငန်း စွန့်ပစ်ရေများ အင်းအတွင်းသို့ ဝင်ရောက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၈) ကန်ရေပြင်အဝင်အထွက်ကို ထိန်းချုပ်သော တံတားဖြူရေထိန်းတံတားကို သဘာဝအတိုင်း အနီးစပ်ဆုံး ရေဝင်ရေထွက်မျှတစေရန် ထိန်းညှိခြင်း ဆောင်ရွက်ရန်၊

(၉) ကန်အတွင်း ချောင်း၊ ရေလမ်းကြောင်းများ တူးဖော်ခြင်း၊ အင်းရေပြင်ဧရိယာ သဲနုန်းတူးဖော်ခြင်းကို နှစ်စဉ်အပိုင်းလိုက် ဆောင်ရွက်သွားရန်၊

(၁၀) တောင်သမန်ကန်အရည်အသွေးကို စဉ်ဆက်မပြတ် တိုင်းတာစစ်ဆေးခြင်း၊ ဓာတ်ခွဲစမ်းသပ်မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ရန်စသည်တို့ကို ဆောင်ရွက်မယ်ဆိုလို့ရှိရင်တော့ အင်းအတွင်းမှာရှိတဲ့ ရေအရည်အသွေးကို ကောင်းမွန်စေရေးအတွက် ပလတ်စတစ်များ ဝင်ရောက်ခြင်းကို ထိန်းသိမ်းနိုင်မယ်၊ ထိန်းချုပ်နိုင်မယ်ဆိုရင် ရေအရည်အသွေးကောင်းမွန်လာမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား...။

**ရွှေဇင်**



## လွိုင်လင်မြို့တွင် (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ ဖွင့်လှစ်

**လွိုင်လင် မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်ပွဲအား မတ် ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါဆေးရုံသစ်ကို ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း၊ တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အနေဖြင့် ပြည်နယ်လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားခြင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ဆေးရုံသစ်ဖွင့်လှစ်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ဆေးရုံသစ်ဖွင့်ပွဲအထိမ်းအမှတ်အမှတ်တရလက်ဆောင်များကို တာဝန်ရှိသူအသီးသီးက ပြည်နယ်ဝန်ကြီးနှင့် အကြီးအကဲများအား ပေးအပ်ပြီး ပြည်နယ်ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် အကြီးအကဲများ၊ ဧည့်သည်တော်များက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြရာ လွိုင်လင်တိုင်းရင်းဆေးရုံအုပ် ဒေါ်ဥမ္မာအေးက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ(၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသည် လွိုင်လင်မြို့၊ လွိုင်လင်အရှေ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၈)၊ မွေးမြူရေးကုန်းရှိ မြေဧက(၃ ဒသမ ၁၀)ဧကတွင် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး**

## ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**မြစ်သား မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက ပြည်သူများ လျှပ်စစ်မီးသုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းစေရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ယိမ်းယိုင်နေသည့် ဓာတ်တိုင်များအား တည့်မတ်ခြင်း၊ လျော့ကျနေသည့် လျှပ်စစ်ကြိုးများအား ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက် ၁၀နာရီက ရပ်ကွက်(၁)ရပ်ကွက်နှင့် ကျေးရွာ(၁၉)ရွာ၌ စနစ်တကျခုတ်ထွင်ရှင်းလင်းခဲ့သည်။



အဆိုပါမြစ်သားမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်အတွင်းရှိ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရန်အတွက် 33/11KV (20MVA)မြစ်သားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးထားသော 11KV ရေဝန်းဖီဒါအား ဓာတ်အားလိုင်း တစ်လျှောက်လွတ်ကင်းမှုမရှိသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းနှင့် Jumper Connection များ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး၊ သရက်မြို့ပေါ် ရပ်ကွက်ရှိ မီးသတ်အုတ်ရေကန်များကို လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇော်လွင်မိုး ဦးဆောင်၍ တပ်ဖွဲ့ဝင်(၃)ဦးဖြင့် ယနေ့ညနေ ၄ နာရီက ရေဖြည့်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။ (ကဆ)

## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) အသင်းအမှုဆောင်များ တွေ့ဆုံဆွေးနွေး



**မန္တလေး မတ် ၂၂**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)အသင်း အမှုဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို မတ်၂၀ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၁လမ်းနှင့် လမ်း ၇၀ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန် အသင်း(မန္တလေး)ရတနာပုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့နှင့် အထွေထွေရောဂါကုဆရာဝန်များ အဖွဲ့မှအသင်းအမှုဆောင်များ တက်ရောက်ကြသည်။ (ဓါတ်ပုံ)

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)ယာယီဥက္ကဋ္ဌ ဆီးနှင့် ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူးနှင့် အမှုဆောင်များက မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)၏ ဆောင်ရွက်ချက်များ၊ သက်ကြီး ဆရာဝန်များ ထောက်ကူပြုအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို**

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## နွေရာသီကျောင်းပိတ်ရက် ကျောင်းသားလူငယ်များ ပျော်ရွှင်စေရန် ပြပွဲ၊ ပြိုင်ပွဲများ ဆောင်ရွက်

**ကန့်ဘလူ မတ် ၂၂**

ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကျောင်းသားလူငယ်များ စာကြည့်တိုက်နှင့်ရင်းနှီးပြီး စာပေကို ချစ်မြတ်နိုးတတ်သူများဖြစ်လာစေရန် ရည်ရွယ်၍ ပြပွဲ၊ ပြိုင်ပွဲများကို မတ် ၂၀ ရက်က ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ကျင်းပသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရာတွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အသိပညာ ဗဟုသုတတိုးပွားစေမည့် သုတရသစာအုပ်များကို ဖတ်ရှုလေ့လာ၍ စာကြည့်တိုက်ကို ငယ်စဉ်ကပင် အသုံးပြုတတ်လာစေရန် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆို ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြပြီး ပြိုင်ပွဲများကိုလည်း ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူ ၂၁ ဦးက ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြပြီး လာရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှတ်တရလက်ဆောင်အဖြစ် ဗလာစာအုပ်နှင့်ခဲတံများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်

**တောင်တွင်းကြီး မတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့နံနက် ၉ နာရီက တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အလုပ်ရှင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာမူများ၊ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက် (၃)ရပ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အမိပွာယ်ဖွင့်ဆိုချက် ၂၀၁၆ ခုနှစ် ဆိုင်ရာများနှင့် အလုပ်ဌာနများဥပဒေမှ ကလေးအလုပ်သမားများ၏ အသက်အရွယ် စသည့်အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ် စာစောင်များအား စိတ်ဝင်တစား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**



## ညီညွတ်စွမ်းအား

* တို့မြန်ပြည် ၊ သာယာစွ
နယ်စပ်က ၊ တောင်သေလာ
မြို့ ၊ နယ် ၊ ရွာ ၊ ပတ်ကာဝိုင်း
ရှုတိုင်းယဉ်စွာ ။
တောင်တန်းနှင့် ၊ မြေပြန့်မှာ
စုပေါင်းကာ ၊ စဉ်အမြဲ
ချစ်ကြည်စွာ ၊ ရွှေလက်တွဲ
နေကြသည်ပဲ ။

* တို့ပြည်မှာ ၊ စုံမြိုင်တန်း
စိမ်းလန်းလို့ ၊ စိုပြည်လွှင်
ပန်းမာလာ ၊ စုံစွာပ
ပွင့်ကြသည်ပင် ။
အရောင်သွေး ၊ စုံစုံလင်
ဝေဖြာလွှင် ၊ အလှတရား
ညီညွတ်စွာ ၊ ပေါင်းစုအား
ဝင်းပတောက်ကြွား ။

* ထိုသို့ပင် ၊ တို့တိုင်းသား
ညီညွတ်အား ၊ ခိုင်ကြစေ
တိုင်းမြန်ပြည် ၊ သွေးခွဲနှောက်
မကြောက်တမ်းလေ ။
တောင်တန်းနှင့် ၊ မြေပြန့်နေ
တို့တစ်တွေ ၊ ညီနောင်များ
သွေးစည်းကာ ၊ စုပေါင်းထား
ညီညွတ်စွမ်းအား ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**

## အ.ထ.က (ကျောက်မီး)'ပန်းမြိုင်လယ်' မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ပုသိမ်ကြီး မတ် ၂၂**

ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးကျေးရွာရှိ အ.ထ.က(ကျောက်မီး)'ပန်းမြိုင်လယ်' ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။

အ.ထ.က(ကျောက်မီး)မှ အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ခံဖိတ်ကြားထားပြီးဖြစ်သည်။ အကြောင်းကြောင်းကြောင့် ဖိတ်စာမရရှိပါကလည်း ကြွရောက်ပေးပါရန် မေတ္တာရပ်ခံထားသည်။ မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ် ၂၉ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် အ.ထ.က(ကျောက်မီး) ပန်းမြိုင်လယ်ခန်းမတွင် ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြွရောက်၍ အတူတကွ ပူဇော်ကန်တော့နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

(ဝ၄၁)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

## မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန်နှင့် အပေါ်ထပိကာတော်တွင် ရွှေစင်ရွှေပြားများကပ်လှူရန်နှင့် ဘက်စုံပြုပြင်ရန် အလှူငွေများ လှူဒါန်း

**မန္တလေး မတ် ၂၂**

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မဟာမုနိဘုရားကြီး ပျက်စီးမှုများအား ရှေးမူမပျက်ပြုပြင်လျက်ရှိသည်။မဟာမုနိဘုရားကြီး ရွှေကျောင်းတော်ကြီးအပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်ရွှေပြားများ အသစ်ကပ်လှူပူဇော်မည်ဖြစ်သဖြင့် ရွှေချိန် (၁)ကျပ်သား(၈)ပဲသားရှိ ကိုးလက်မပတ်လည် ရွှေစင်ရွှေပြားတစ်ချပ်လျှင် ငွေကျပ်သိန်း ၉၀ နှုန်းဖြင့် အလှူရှင်ကမ္ပည်းထိုး၍ လှူဒါန်းနိုင်ရာ မတ် ၂၁ ရက်က ချမ်းအေးသာစံမြို့နယ်၊ ၂၉ လမ်း နေဖခင်ကြီး ဦးအေးမြင့်အား အမှူးပြု၍ ဦးဝင်းစိန်+ဒေါ်သန်းသန်းဝင်း (TopShine နိုင်ငံခြားငွေ ရောင်းဝယ်ရေး)မိသားစုက ငွေကျပ်သိန်း ၉၀ ကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်နေ ဦးဇော်မင်းအောင်+ ဒေါ်ကေခိုင်(အောင်တံခွန်ရွှေဆိုင်း) မိသားစုက ငွေကျပ်သိန်း ၉၀ ကိုလည်းကောင်း၊ ဘက်စုံပြုပြင်ရန် သီဟသုဓမ္မမဏိဇောတဓရ ဦးသန့်စင် + သုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းအေး မိသားစုက ငွေကျပ် ၁၀ သိန်းကို လည်းကောင်း လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

မဟာမုနိဘုရားကြီးကျောင်းတော်ကြီး၊ ပြတိုက်များ၊ စောင်းတန်းနှင့် မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၃၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(အောက်ပုံ)

(၀၄၅)







## ရာသက်ပန်ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး မတ် ၂၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊B.A)က ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုကြပြီး မန္တလေးမြို့၊ တမ္ပဝတီ ကြေးသွန်းရပ်နေ ကြေးကုန်သည် ဦးမြင့်ဦးက မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၄၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် သိန်း ၂၀၊ စုစုပေါင်း ငွေကျပ်သိန်း ၆၀ ကို လှူဒါန်းရာ ရုံးအဖွဲ့ဝင် ဦးမျိုးမြင့်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်က ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ကိုယ်တိုက်ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ နဝကမ္မအလှူငွေများကို တစ်ပါးချင်းစီ လှူဒါန်းပြီး ဆွမ်းဆန်တော်တစ်အိတ်၊ ပဲဆီတစ်ပုံး လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

PNT

၀-၀-၀-၀-၀-၀
၀-၀-၀-၀

## ဝန်ထမ်းမိသားစုများ ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြု

**မန္တလေး မတ် ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈ လမ်းနှင့် လမ်း ၇၀ ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများ စုပေါင်း၍ အပတ်စဉ် (တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၅၉)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးကြင်းခြစ်ချက်၊ ငရုတ်သီးကြော်တို့ကို ၃၆ လမ်းနှင့် ၆၉ လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော သံဃာတော် ၂၀၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်၍ ဆပ်ပြာမှုန့်ထုပ်များ ဆက်ကပ်ခြင်း၊ ဆွမ်းနှင့်ဆွမ်းဟင်းများ လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



## ကချင်ပြည်နယ် ကားဂိတ်အသင်းများမှ ဒုတိယအကြိမ်မြောက် တရားပွဲများ ကျင်းပမည်

**မန္တလေး မတ် ၂၂**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်ရှိ ရခိုင်တန်းကချင်ပြည်နယ် ကားဂိတ်အသင်းများမှ စုပေါင်း၍ ဒုတိယအကြိမ်မြောက် တရားပွဲများကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင် နေ့စဉ်ည ခုနစ်နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

တရားပွဲပထမရက်တွင် ဆရာတော်အရှင်ကုဏ္ဍလ(မိုးညို) (B.A.INDO-ARYAN) ဘာသန္တရဘေကမ္မောစရိယ၊ ဒုတိယညတွင် မစိုးရိမ်ဒေါက်တာ ဇုဒ္ဓပီယ၊ ပါမောက္ခချုပ်ဆရာတော်(အနော်ရထာဖောင်ဒေးရှင်းဥက္ကဋ္ဌ)၊ အနော်ရထာခေါင်းဆောင်မှုပညာတက္ကသိုလ်၊ တတိယညတွင် သီတဂူဒေါက်တာအရှင်ဣန္ဒာစရိယ၊ သာသနတက္ကသီလ ဓမ္မာစရိယ B.A, M.A, Phd၊ နိုင်ငံတော်ဓမ္မကထိက၊ ဗဟုဇနဟိတဓရတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူကြမည်ဖြစ်၍ တရားချစ်ခင်သူတော်စင်များ လာရောက်တရားနာကြားတော်မူနိုင်ကြောင်း သိရသည်။

(၀၇၀)

## (၂၁၂)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး မတ် ၂၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်း ၆၀နှင့် ၂၈(B)လမ်းထောင့်ရှိ ဆုံစည်းရာအရက်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၁၂)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၅ နာရီခွဲက အဆိုပါ အသင်းရုံးရှေ့တွင် ကျင်းပရာ လေးပြင်၊ လေးရပ်မှ ဆွမ်းခံကြွရောက်တော်မူကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက အရက်ဆွမ်းကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် အသီးသီးဆက်ကပ်လောင်းလှူခဲ့ကြသည်။

(၂၁၂)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော ဖခင်ကြီး ဦးကိုးအောင်+ မိခင်ကြီးဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ မိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင်) မိသားစု၊ ဒေါ်မမ အား ရည်စူး၍ (ပတ္တမြားသုခ)မိသားစု၊ အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ ဒေါ်ခင်ဝင်းကြည် (ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေ(စားသောက်ဆိုင်) မိသားစု၊ ကိုကျော်ကျော်+ မတင်မမ(မြရောင်ခြည်ကဖေး)မိသားစု၊ ကိုခင်မောင်ရီနှင့် ဇနီးမိသားစု။ ဦးကျော်တင့်+ ဒေါ်မြတ်မြတ်သန်းမိသားစု၊ ကိုကျော်သူနှင့်ဇနီးမိသားစု၊ ဦးမြင့်နိုင်+ဒေါ်တူးတူးမိသားစု၊ ဒေါ်ဌေးဌေးအောင်(ဟိန်းဆေးဆိုင်)မိသားစု၊ လယ်ကိုင်းတိုက်အရှေ့ကျောင်းဆရာတော် ဦးဆန္ဒောဒရတို့က မတည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအသင်းကြီးသို့ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၇၆၅၁၈၄၇၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး မတ် ၂၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ကောလင်းမြို့နေ ဦးမြင့်သန်း+ ဒေါ်ခင်မာကျော် မိသားစုတို့က တစ်နေ့တာဆွမ်းငွေကျပ်ငါးသိန်း၊ ဆေးပဒေသာပင် ငွေကျပ်ငါးသိန်း၊ စုစုပေါင်း ငွေကျပ် တစ်ဆယ်သိန်းတိတိအား လှူဒါန်းပြီး ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူပြီး အလှူရှင်များ မည်သူမဆို မိမိစေတနာအလျောက် လှူဒါန်းလိုပါက ဆက်သွယ်ရန် ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ပါကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)

၀-၀-၀-၀-၀



ဝတ္ထုတိုကဏ္ဍ

# အခန်းနံပါတ်(၅၁၈)က ကဗျာသုံးပုဒ်

ကျွန်တော်ရောက်သွားချိန်တွင် ကိုကိုကြီးသည် လူနာခုတင်ထက်မှာ ငြိမ်သက်လျက်ရှိ၏။ သူ၏ မျက်လုံးအစုံမှာ မျက်လွှာချကာ မှိတ်သွားပြီဖြစ်သည်။ သူ၏ပါးစပ်မှာ အနည်းငယ်ဟနေ၏။ သူသည်တစ်ခုခုကို ပြောလိုဟန်ရှိနေသေးသလိုပင်ဖြစ်၏။ ကျွန်တော်က တူဖြစ်သူကို ခွင့်တောင်း၍ ကိုကိုကြီးကို ပါးစပ်စေ့ပေးလိုက်ပါသည်။ ကိုကိုကြီးသည် ငါတစ်ခုခု ဖြစ်ရင် ငါ့ညီရောက်လာမှာပဲ ဟု သိရှိနေသည့်အလား ကျွန်တော့်ကို စောင့်ကြိုနေသလို ပုံစံဖြစ်သည်။ ကျွန်တော်သည် ကိုကိုကြီး၏နဖူးပြင်ကို လက်ညှိုးဖြင့် ထိစမ်းလိုက်သည်။ သူ၏အသားအရေမှာ ပျော့ပျောင်း၍ နွေးနေပါသေး၏။ ကျွန်တော်သည် ကိုကိုကြီး၏ ခြေရင်းသို့သွား၍ ခြေဖဝါးကို ကိုင်၍ကြည့်၏။ ခြေဖဝါးက အရောင်ဖျော့သွားပြီဖြစ်သော်လည်း တင်းမာ၍ မနေပါ။ ကျွန်တော်သည် ကိုကိုကြီးခြေထောက်များကို စမ်းကြည့်မိပြန်ရာ ပျော့ပျောင်း၍ နွေးနေပါသေးသည်။သူသည် မကြာသေးမီကအထိ အသက်ရှင်နေခဲ့သေးသည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ 'နှစ်နာရီလေးဆယ့်ရှစ်မိနစ်' ဟု ကျွန်တော်၏ သားငယ်ကပြော၏။ ၎င်းသည် ကိုကိုကြီး ကွယ်လွန်သွားသောအချိန် ဖြစ်သည်။ ကိုကိုကြီးသည် ကျွန်တော် သူ့ထံရောက်လာတိုင်း လက်ခံစကား မပြောဘဲ မင်းပြန်တော့ဟုသာပြော၏။ မင်း အလုပ်ရှိသေးတယ် ပြန်တော့ဟုသာ သူကပြောသည်။ ကျွန်တော်က သူ့စကားနားထောင်ကာ လူနာခုတင်အနီးမှခွာ၍ ဒီဘက် ဧည့်တွေ့ခန်းသို့ သွားကာ မရီးနှင့် တူဖြစ်သူတို့အနီးကပ်ကာ မျက်နှာရိပ် မျက်နှာကဲကိုကြည့်၏။သူတို့မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး ကိုကိုကြီး ခံစားနေရသော ဝေဒနာကို ခန့်မှန်းရ၏။ ကိုကိုကြီးထံ ကျွန်တော် ပထမဆုံးအကြိမ် ရောက်သွားစဉ်က မရီးသည် ကျွန်တော့်ကိုမြင်သည်နှင့် ဘာမျှမပြောဘဲ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာပါသည်။ ကျွန်တော်သည် မည်သည့်မေးခွန်းကိုမျှမမေးဘဲ ငိုင်၍သာ ကြည့်နေမိပါသည်။ ကိုကိုကြီး၏မျက်နှာက အနည်းငယ်နွမ်း၍ ဖျော့ကျသွားပါသည်။ ကိုကိုကြီးသည် သတိကောင်းသူဖြစ်ပါသည်။ သူ့အတွက် ကျွန်တော်ယူလာသော မလိုင်ခဲဘူးလေးကို အနီးရှိ စင်ပုကလေးပေါ်တွင် တင်ထားရန်ပြောသည်။ ကျွန်တော်က သူ၏ ဝမ်းဗိုက်ကိုလက်ဖြင့် တစ်ချက်ထိစမ်းကြည့်၏။ သူကဘာမျှ မပြောပါ။ ထိုသို့ ဘာမျှမပြောခြင်းက ကျွန်တော့်ကို ပူပန်စေပါသည်။ ကျွန်တော်သည် သူ၏စကားကို မပယ်ရှားဝံ့ပါ။ အခန်းနံပါတ်(၅၁၈)မှ သူ့ကိုနှုတ်ဆက်ကာ ဆေးရုံအောက်ထပ်သို့ ဓာတ်လှေကားဖြင့် ဆင်းလာခဲ့ပါသည်။

ကိုကိုကြီးသည် ည ညကျွန်တော်အိပ်ပျော်နေချိန်တွင် သူသည်မအိပ်စက်ဘဲ နိုးနေသူဖြစ်ပါသည်။ သူသည် ညဉ့်နက်သန်းခေါင်ကျော်အချိန် ကျွန်တော်နိုးလာသောအခါ ကျွန်တော်နိုးနေပြီကိုလည်း သိနေသူဖြစ်သည်။ သူသည် ထိုအချိန်များတွင် တစ်လုံးလျှင် တစ်သိန်းနှစ်သောင်းပေးရသည့် ထိုးဆေးများကို နေ့စဉ်ထိုးနံ့ကာ ဝေဒနာဆိုးကြီးမှ ယာယီသက်သာရန် ကြိုးစားနေထိုင်ရသူဖြစ်သွားပါသည်။ ကျွန်တော် နောက်တစ်ကြိမ် ကိုကိုကြီးထံ ရောက်သောအခါ သူ၏ ဝမ်းဗိုက်ကိုဖွင့်၍ ကလီစာများကို လိုအပ်သလို ဖြတ်တောက်ခွဲစိတ်ကာ ပြုပြင်ချုပ်လုပ်ထားပြီးဖြစ်သည်။ ပန်ကရိယနှင့် အူသိမ်ကို ကိုကိုကြီး ခွဲစိတ်ခဲ့ရသည်။ နောက်ထပ်ရက်အနည်းငယ်တွင် အသည်းကို ထပ်မံခွဲစိတ်ရပြန်ပါသည်။ သူသည် ပြင်းထန်သော ဝေဒနာကိုကြံ့ကြံ့ခံ၍ ရင်ဆိုင်သွားပါသည်။ တစ်ကြိမ်ထိုးလျှင် တစ်သိန်းနှစ်သောင်းပေးရသော ထိုးဆေးကို ဆယ်ကြိမ်မျှ ထိုးပြီးသောအခါ ကျွန်တော်နောက်တစ်ခေါက် သူ့ဆီကို ရောက်၏။သူသည် ငါတစ်ခုခုဖြစ်လျှင် ငါ့ညီငါ့ဆီရောက်လာမှာပဲဟူသောအသိဖြင့် ကျွန်တော့်ကို စောင့်ကြိုနေသလိုဖြစ်သည်ဟု ရှေ့တွင်ဆိုခဲ့ပြီးဖြစ်သည်။သူသည် မင်းမြင်တဲ့အတိုင်းပဲ မောင်နေမျိုးဟု ကျွန်တော့်ကို ပြောပြနေပါသည်။ ကျွန်တော့်ကို ထိုသို့ ထင်မှတ်စေသည်။

ကျွန်တော်သည် ညီအစ်ကိုနှစ်ယောက် မြောက်ပြင်ကအိမ်မှာ အတူတူရေချိုးခဲ့ကြပုံကို သတိရသည်။ သူက ရေကန်မှာ ရေအရင်ချိုးနေပြီး ကျွန်တော်က သူ့ဘေးမှာဝင်ရပ်၍ ကန်ထဲမှ ရေကို ဖလားဖြင့်ခပ်ကာ ချိုးခြင်းဖြစ်သည်။ ကျွန်တော်သည် လွန်ခဲ့သော ဆယ်စုနှစ်များက ပိန်ပိန်ပါးပါး ကိုယ်ကာယရှိသော်လည်း ကိုကိုကြီးကဲ့သို့ တုတ်တုတ်ခိုင်ခိုင် ဝဝဖြိုးဖြိုးရှိသူ ဖြစ်ချင်ခဲ့၏။ ယခင်က ကျွန်တော်သည် ပေါင်ချိန် ၁၀၀ ခန့်သာရှိသော်လည်း ယခုမူ ပေါင်ချိန် ၁၄၀ ခန့်ရှိနေနိုင်ပြီဖြစ်သည်။ ကျွန်တော်သည် ကိုကိုကြီးကဲ့သို့ ကိုယ်လုံး၊ ကိုယ်ထည် ပြည့်သူဖြစ်လာပါပြီ။ ကျွန်တော်သည် ကိုကိုကြီး၏ ဟိတ်ဟန်မှင်မောင်းနှင့် သူ၏ဟာသများကို သတိရလာပါသည်။ သူသည်မူလကပင် ဟိတ်ဟန်မှင်မောင်းကောင်းပြီး ဥပဓိရုပ် တည်ကြည်ကောင်းမွန်သူဖြစ်သည်။ သူသည်ဦးခေါင်းတွင် ဖွေနှစ်လုံးရှိသူဖြစ်ပြီး ကျွန်တော်တို့ငယ်စဉ်က ကိုကိုကြီး၏ဦးခေါင်းမှာ ဖွေနှစ်လုံးကိုကြည့်ကာ 'ဖွေနှစ်လုံးစုန်းမယောကျ်ား' ဟု ပြောကြ၏။ ကျွန်တော်ကမူ လက်ကညာသန်ဖြစ်သော်လည်း ခြေထောက်ကမူ ဘယ်သန်ဖြစ်၏။ အသက်ကြီးလာသောအခါ ကျွန်တော်သည် မျက်လုံးတစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ်ဖြစ်လာပါသည်။ ကျွန်တော့်အောက်မှ ညီက ကာလာဘလိုင်းဖြစ်သလို သူ့အောက်မှ ညီသည်လည်း ထိုနည်းတူစွာပင်ဖြစ်၏။ သူတို့နှစ်ယောက်စလုံး ၁၀ တန်းအောင်မြင်သောအခါ ဗိုလ်သင်တန်းဝင်ခွင့် ဖြေဆိုခဲ့ကြပြီး အဆင့်ဆင့် အောင်မြင်ပြီးကာမှ အရောင်ကားချပ်များဖြင့် စမ်းသပ်စစ်ဆေးသောအခါတွင် အရောင်ကန်းနေသူများဖြစ်ကြောင်း သိရှိသွားကြကာ ဗိုလ်သင်တန်းမှ အိမ်ပြန်လာရသူများဖြစ်သည်။ သို့ရာတွင် သူတို့ဝင်ရောက်ဖြေဆိုခဲ့ကြသော ဗိုလ်သင်တန်း အတွေ့အကြုံများနှင့် သူတို့ဖြေဆိုခဲ့ကြပုံများ၊ အခက်အခဲကျော်လွှားခြင်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြပုံများမှာ စိတ်လှုပ်ရှားစရာကောင်းလှပါသည်။ဗိုလ်သင်တန်းရွေးချယ်ရေးအဖွဲ့က ကျွန်တော့်ညီအောက်မှ နောက်ညီကို မင်း တပ်ထဲမှာ ရိုးရိုးတပ်သားအဖြစ်နဲ့ မဝင်ချင်ဘူးလားဟုမေးခဲ့သည်ဆို၏။ သူတို့နှစ်ယောက်အောက် ညီမလေးက သွားတက်ပါသူဖြစ်၏။ သူမသည် သွားတက်ပါသဖြင့် ဂျာမနီနိုင်ငံသို့ သွားရောက်ရန်အတွက် ကြိုးစားခဲ့ရာတွင် သွားတက်များက ပုံမှန်ကျန်းမာရေးနှင့် ကွဲလွဲသဖြင့် နုတ်ပစ်ရမည်ဆို၍ ညီမလေး၏ အကောင်းအတိုင်းရှိနေသော သွားတက်နှစ်ချောင်းကို နုတ်ပစ်ခဲ့ရပါသည်။

ညီမလေးအောက် ညီကမူ ကပ်ပယ်အိတ်၌ ဥ တစ်လုံးတည်းပါသူဖြစ်၏။ သူ့ကိုသားသမီး ရနိုင်၊ မရနိုင် မဝင်းမေနှင့်ကျွန်တော်စကားလက်ဆုံကျကြရာ မဝင်းမေက မင်းညီ ကလေးတစ်ယောက်ရမှာဟု ပြောသည်ကို ကြုံရ၏။ သူသည် တကယ်ပင် ကလေးတစ်ယောက်ရ၏။ အဖေက ခြေတစ်ဖက်ဆာသူဖြစ်၏။ သို့ရာတွင် အဖေခြေတစ်ဖက်ဆာနေသည်ကို ကျွန်တော်တို့ ဘယ်သူမှမသိကြပါ။ အထက်တန်းရောက်မှ အဘွားကပြောသဖြင့် သတိထားမိခြင်းဖြစ်၏။ ကိုကိုကြီးသည် ဆိုင်းဝိုင်းထဲတွင် ဝိုင်းထိုင်ခန့်ညားပြီး တီးလုံးတစ်ပိုဒ်တီး၍ အချတွင် သူပြုံးနေပုံမျက်နှာခံမှာ ယခုအခါ လွမ်းစရာကောင်းပါသည်။ ကိုကိုကြီးသည် ကျွန်တော့်ကဗျာကို ဦးစွာဖတ်ဖူးသူဖြစ်၏။သူသည်ကျွန်တော်၏ ကဗျာများကို မည်မျှကြိုက်နှစ်သက်ခဲ့သည်ကို အတိအကျမသိပါ။ သူပြောသောစကားထဲမှာ 'အံချော်နေတာ'ဟူသောစကားလုံးကို ထောက်ဆ၍ ကိုကိုကြီးသည် ကျွန်တော့်ကဗျာ စာပေလက်ရာများကို သေသေချာချာသိရှိထားသူဟု မှတ်ယူရမည်ဖြစ်၏။ အံချော်နေတာဟူသည့် အသုံးကို ကျွန်တော်၏ စာပေလက်ရာတစ်ခုထဲမှာ သုံးနှုန်းခဲ့ဖူး၏။

ကိုကိုကြီးသည် စနေသားဖြစ်ပြီး ကျွန်တော်က တနင်္လာသားဖြစ်၏။ ကျွန်တော်တို့ နှစ်ယောက်က တစ်နှစ်ကြီးတစ်နှစ်ငယ်ဖြစ်၏။ ကိုကိုကြီး မကွယ်လွန်မီလပိုင်းက သူပွဲတီးပြန်လာလျှင် ရော့ မောင်နေမျိုးဟု ငွေစကြေးစထုတ်ပေးတတ်၏။ ရံဖန်ရံခါ အိမ်သို့ရောက်လာတတ်ချိန်များ၌လည်း မင်းလက်ထဲ လက်ဖက်ရည်ဖိုးရှိရဲ့လားဟုဆိုကာ ပိုက်ဆံထုတ်ပေးတတ်၏။ ဆိုင်းပွဲမထွက်မီ ညည အဖွဲ့သားများနှင့်အတူရှိနေစဉ် စားစရာ နို့စိမ်းပေါင်မုန့်ကဲ့သို့သော အရသာရှိသည့် မုန့်များဝယ်ယူထားကာ မောင်နေမျိုး ယူစားဟုပြော၏။ကျွန်တော်သည် ကိုကိုကြီးနှင့်အတူ ငယ်စဉ်ကတွဲဖက်၍ ဝါသနာပါရာအလုပ်များလုပ်ခဲ့ဖူး၏။ လက်ကမ်းစာစောင်၊ နံရံကပ်စာစောင်များ ပြုလုပ်ရာတွင် ကိုကိုကြီးက စီမံခန့်ခွဲသူ၊ ကြီးကြပ်သူဖြစ်ပြီး ကျွန်တော်နှင့်သူငယ်ချင်းများက လက်တွေ့ရေးဆွဲဆောင်ရွက်ရသူများဖြစ်သည်။ နံရံကပ်စာစောင်အတွက် ရောက်ရှိလာသော စာမူများကို ကိုကိုကြီးက ဖတ်ရှု၍ ဒါသုံး၊ ဒါမသုံးနဲ့ စသည်ဖြင့်ပြော၏။ ရံဖန်ရံခါ မောင်နေမျိုး အဲ့ဒါမင်းဖတ်ပြီးပြီလားဟု မေး၏။ ဖတ်ပြီးပြီမဆိုးဘူး ကိုကြီးဟု ကျွန်တော်ကပြောလျှင် ဒါဆိုသုံးလိုက်ပါဟုပြောတတ်၏။ ကျွန်တော်တို့သူငယ်ချင်းများက ကာတွန်းရေးကြရာတွင် မောင်အုံးအင်ဟူသော ကလောင်နာမည်ဖြင့်ရေးခဲ့ရာ 'ဟ မင်းတို့အဲ့သည်လို မလုပ်ကြနဲ့လေ' ဟုဆိုကာ ထိုကာတွန်းကို နံရံကပ်စာစောင်မှာ သုံးခွင့်မပြုဘဲ ပယ်ချခဲ့ပါသည်။ကိုကိုကြီးသည် စာတည်းဖြတ်မှုသဘောကို ကျွန်တော့်အား စတင်နားလည်လာစေခဲ့ပါသည်။ သူသည် တာဝန်ခွဲဝေမှုသဘောကိုလည်း သိသူဖြစ်၏။ ကျွန်တော်တို့နံရံကပ်စာစောင်တွင် 'ကြက်ခြေနီ၊ မီးသတ်၊ လမ်းစဉ်လူငယ် အားလုံးပါဝင်ပြီး စာမူစုဆောင်းရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီးပြင်ဆင်မှု၊ ဧည့်ခံကျွေးမွေးရေး၊ လက်ရေးနှင့် ပန်းချီစသည့် ခေါင်းစဉ်များ၌ အမည်နာမများကို ခွဲဝေနေရာချထားပြီး သူကပါဝင်ဆောင်ရွက်စေခဲ့ပါသည်။ ကျွန်တော်က နံရံကပ်စာစောင်တွင် ကာတွန်းရုပ်ကလေးများ ရေးဆွဲပြီး လက်ထဲမှ ကြိုးစကို ကိုင်ကာ အပေါ်သို့ မော့ကြည့်နေပုံကို ရေးဆွဲထားပါသည်။ ကြိုးစပါသော ရုပ်ပုံကလေးများကို ကဒ်ထူစက္ကူပေါ် ရေးဆွဲပြီး ကတ်ကြေးဖြင့် ကိုက်ညှပ်ကာ နံရံကပ်စာစောင်အဖွင့်နေရာ၌ ထားပြီး လက်ထဲက ကြိုးစ၌ အပ်ချည်ကြိုးအစရှိနေပြီး အပ်ချည်ကြိုးအပေါ်၌ မိုးပျံဘောလုံးများရှိနေပါသည်။ မိုးပျံဘောလုံးများထက်၌ ပလတ်စတစ်ပိန့်ဆေးဖြင့် နံရံကပ်စာစောင်နှင့် သက်ဆိုင်သည့်စာသားများ ရေးထားပါသည်။ ၎င်းသည် ၁၉၈၀ ပြည့်နှစ်ခန့်က ဖြစ်၏။

ကိုကိုကြီးသည် နာရီပြန်တစ်ချက်၊နှစ်ချက်အထိ ကျွန်တော်တို့ နံရံကပ်စာစောင်အတွက် ပုံရေးနေကြပြီဆိုလျှင် လာငါတို့ လက်ဖက်ရည်ဆိုင်သွားကြရအောင်ဆိုကာ ၃၅လမ်းနှင့် ၈၂လမ်းထောင့်မှ ရှမ်းမင်းသားလက်ဖက်ရည်ဆိုင်သို့ သွားကြ၏။ မုန့်အချိုတစ်ခုစား၊ လက်ဖက်ရည်တစ်ခွက်သောက်၊ ဒူးယားတစ်လိပ်ဖွာပြီးလျှင် ရုံးထဲသို့ပြန်လာကာ ရေးလက်စကို လက်စသတ်ကြ၏။ နံရံကပ်စာစောင်တစ်ခုကို တစ်ပတ်ခန့်ကြိုတင်စီစဉ်ရ၏။ အနည်းဆုံး သုံး၊လေးရက်မျှ အားစိုက်၍ ရေးကြ၏။ ကိုကိုကြီးက ကျွန်တော်တို့ ရေးပြီးပြီဆိုလျှင် စက္ကူရွက်များကို နံရံမှာကပ်ရန် ပြင်ဆင်ဆောင်ရွက်လေ့ရှိ၏။ ကျွန်တော်သည် ထိုစဉ်က ဂဠုန်နှလုံးသားဟူသော ဝတ္ထုတိုတစ်ပုဒ်ကို နံရံကပ်စာစောင်မှာရေးခဲ့၏။ ဂဠုန်စီမံချက်အကြောင်းကို အချစ်နှင့်ရောယှက်ရေးခဲ့သည်ထင်၏။ မိုးမှောင်ဟူသော ကလောင်ဖြင့် ကျွန်တော်ကရေးခဲ့ရာ နံရံကပ်စာစောင်ကို လာဖတ်သော လမ်းစဉ်လူငယ်အစ်မတစ်ယောက်က မင်းက မိုးမှောင်ပေါ့ဟုမေး၏။ လူဆိုးကြီး မိုးမှောင်လားဟုလည်း မေး၏။ ကျွန်တော်က ထိုကလောင်နာမည်နှင့် စာရေးသည်ကို သူတို့က သိသွားသဖြင့် မျက်နှာထူပူကာရှက်နေခဲ့ပါသည်။ ကျွန်တော်သည် ဂျပန်ခေတ်ဝတ္ထုတိုတစ်ပုဒ်ကိုလည်း ရေးခဲ့ဖူးသေး၏။ နံရံကပ်စာစောင်မှာပင် ဖြစ်ပြီး ဖက်ဆစ်ဂျပန်များကို တင်ဆောင်၍ တစ်ဖက်ကမ်းသို့ပို့ရသော လှေသမားက ဝဲကတော့ထဲသို့ လှေကို ဦးတည်လှော်ခတ်သွားသည့် ဝတ္ထုဖြစ်၏။ ထိုနှစ်က ကျွန်တော်တို့ နံရံကပ်စာစောင်မှာ ပထမဆုရခဲ့ပြီး ညနက်နက်ရောက်သောအခါ ထိုဝတ္ထုကိုဖတ်၍ ကက်ဆက်ဖြင့် အသံသွင်းကြ၏။ လှေက ရေထဲမှာ လှော်ခတ်သည့်နေရာတွင် မီးသတ်ရုံးထဲမှ ရေတစ်ဖလားခပ်ယူကာ 'မင်းက အဲ့ဒီဖလားထဲက ရေကို လက်နဲ့မွှေ' ဟု ကျောင်းဆရာကိုစိုးမင်းက ပြော၏။ ကျွန်တော်တို့ အသံသွင်းနေချိန် စုမှူးကိုကျော်သန်းက အိပ်နေရာမှ ခလောခလောနှင့်ဟောက်နေရာ ကျွန်တော်တို့ အသံသွင်းနေသည့် ဓာတ်လမ်းထဲမှာ သူ၏ ဟောက်သံကြီးပါနေပါသည်။ ကျွန်တော်တို့သည် ညဉ့်နက်၍ နာရီပြန် တစ်ချက်နှစ်ချက်ထိုးသည့်တိုင်အောင် မအိပ်စက်ကြပါ။ အသံသွင်းနေသော ဓာတ်လမ်းက တစ်ဝက်တစ်ပျက်နှင့် ပြီးသွား၏။ ကိုကိုကြီးသည် ထိုစဉ်ကပင် အိပ်ရေးပျက်ခံနိုင်သူဖြစ်၏။

(ဆက်လက်ဖော်ပြပါမည်။)

နေမျိုး

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၈၈-၅)၊ ဦးပိုင်နံပါတ်(၃၅-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးဖူကွက်နှင့် ဒေါ်သက်မာဝင်းတို့ ပူးတွဲအမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အိအိနိုင် (ဘ)ဦးစန်း(၉/မခန(နိုင်)၀၂၆၄၁၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၅)၊ ဦးပိုင်နံပါတ်(၅၄-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်စိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဂျစ်တူးမာဇော် (ဘ)ဦးကျော်ဝင်း(၁၃/မရတ(နိုင်)၀၀၉၂၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်အေးစုထွန်း(LL.B ,LL.M,DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၆၀၆၀၄၁၊ ၀၉–၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၀)၊ ဦးပိုင်နံပါတ်(၈-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရကာ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလှဝင်း (ဘ)ဦးဘကွန့်(ခ)ဦးဘကော့(၉/မရတ(နိုင်)၀၃၂၈၁၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၂)၊ ဦးပိုင်နံပါတ်(၄၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၂၇၅)ဧက၊ ပေ(၄၀×၃၀)အကျယ်အဝန်းရှိ ဒေါ်အေးအေး အမည်ပေါက်ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်ဌေးစီ (ဘ)ဦးထွန်းရွှေ(၉/မနတ(နိုင်)၀၀၆၃၅၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်အေးစုထွန်း(LL.B ,LL.M ,DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၆၀၆၀၄၁၊ ၀၉–၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၂)၊ ဦးပိုင်အမှတ်(၁၂-က)၊ ဧရိယာ(ပေ၃၀×၄၅ပေ) အကျယ်အဝန်းရှိ ဦးထွန်းအောင် အမည်ဖြင့်ချထားရရှိထားသော မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဥပဒေနှင့်အညီ ပိုင်ဆိုင်ထားပြီး စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချလွှဲပြောင်းပိုင်ခွင့် ရှိပါသည်ဟု အဆိုပြုသူ ကမ်းလှမ်းရောင်းချသူ ဦးသန်းအောင် (ဘ)ဦးကျော်သိန်း(WMDY-၃၃၉၃၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးဌေးအောင် (ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးလှဝေ (B.A, H.G.P)** — **အထက်တန်းရှေ့နေ**
**ဦးနိုင်လင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးအောင်ဇော်မြင့် (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးမင်းချစ်သူ (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်စာခြည်ဝင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ခင်ပြုံးဝင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**အကွက် (နန–၃၀/၁)၊ (စ)ရပ်ကွက်၊ ၅၅လမ်းနှင့် မင်္ဂလာလမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**၀၉–၄၂၆၈၀၈၅၈၁၊ ၀၉–၇၉၇၄၉၀၆၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်(၁၃)၊ အခန်း(၂၀)၊ စတုတ္ထထပ်ရှိ တိုက်ခန်းတကွနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင်နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နိုင်မေကျော် (ဘ) ဦးကျော်မြင့်(၉/ကဆန(နိုင်)၁၁၄၆၈၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်ဝေဝေအောင်(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**

**ဖဖ–၃၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၇၂၃၄၅၉၉၁**

### ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၁)၊ ဦးပိုင်အမှတ်(၈၈-ခ) မြေကွက်ပေါ်တွင် ဦးစိုင်းအိုက်ပွဲ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၄၈၈၆၃)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၆)၊ ဦးပိုင်အမှတ်(၅၉+၆၀)၊ မြေကွက်ပေါ်တွင် ဦးဘချစ်(ခ)စိန်ရုံ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မကန(နိုင်)၀၁၂၃၁၇)က SS (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁)၊ ဦးပိုင်အမှတ်(၁၆)၊ မြေကွက်ပေါ်တွင် ဦးကျော်မြူး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၇၈၈၂၅)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၉၀၉ ဆ/၄၁၀)၊ ဦးပိုင်အမှတ်(၆၈-ခဲစင်း)၊ မြေကွက်ပေါ်တွင် ဒေါ်ညွန့်ရီ(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၇၇၉၂၄)က RC (၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၉)၊ ဦးပိုင်အမှတ်(၁၂)၊ မြေကွက်ပေါ်တွင် ဦးအုန်းတင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/အစန(နိုင်)၁၂၄၁၄၀)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၅)၊ ဦးပိုင်အမှတ်(၈၅)၊ မြေကွက်ပေါ်တွင် ဒေါ်နှင်းပွင့်ထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၁၄၄၉၀)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉-က)၊ ဦးပိုင်အမှတ်(၂၁၄)၊ မြေကွက်ပေါ်တွင် ဒေါ်နွယ်နွယ်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၀၃၀၂၉၁)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ "ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည်မြတ်ရွှေအိုး"ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာများ ပြည့်ဝနေခြင်းသည် မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ဘဝများအတွက်သာမက ပညာတတ်များ ပြည့်ဝသည့် နိုင်ငံတော်တစ်ခုအတွက်လည်း ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြုလုပ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်နေသည့် စစ်ရေးပဋိပက္ခကြောင့် မိမိတို့နိုင်ငံတွင် စက်သုံးဆီသုံးစွဲမှု အခက်အခဲမဖြစ်ပေါ်စေရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်ချက်

အရှေ့အလယ်ပိုင်းဒေသတွင်ဖြစ်ပေါ်လျက်ရှိသည့်စစ်ရေးပဋိပက္ခကြောင့် မိမိတို့နိုင်ငံအတွင်း စက်သုံးဆီသုံးစွဲမှု အခက်အခဲမဖြစ်ပေါ်စေရေး စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စောင့်ကြည့်၊ ကြပ်မတ်၊ ထိန်းကျောင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။

မတ်လ ၁၂ ရက်နေ့တွင် မော်တော်ယာဉ်များအတွက် Bar Code အား Scan ဖတ်ခြင်း၊ ဆိုင်ကယ်များအတွက် QR Code ထုတ်ပေးခြင်း စနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တွေ့ကြုံရသည့် အခက်အခဲများအပေါ်တွင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူလူထုအနေဖြင့် နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

ယင်းသို့ဆောင်ရွက်နေစဉ်အတွင်း စက်သုံးဆီအရောင်းဆိုင်များသို့ ညွှန်ကြားချက်များထုတ်ပြန်ပြီး လိုက်နာဆောင်ရွက်ရန် စစ်ဆေးကြပ်မတ်လျက်ရှိပါသည်။

ပြည်သူလူထုအနေဖြင့် တိကျစွာ တိုင်ကြားလာမှုများအပေါ်တွင် သက်ဆိုင်ရာအရောင်းဆိုင်များအား သွားရောက်စစ်ဆေးပြီး ရောင်းချခွင့်လိုင်စင်ပိတ်သိမ်းခဲ့ပါသည်။

စက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် ယာဉ်၏စက်စွမ်းအားအပေါ်မူတည်၍ တစ်ပတ်အတွင်း ဝယ်ယူခွင့်ရှိသည့်ပမာဏကို သတ်မှတ်ပြီး တစ်ပတ်အတွင်း တစ်ကြိမ်တည်းဖြစ်စေ၊ အများဆုံး ၂ ကြိမ်ခွဲ၍ဖြစ်စေ ဝယ်ယူနိုင်မည့် စနစ်ကို Bar Code နှင့် QR Code စနစ်အတွင်းထည့်သွင်း၍ လာမည့်ရက်သတ္တပတ်အတွင်း စတင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် စက်သုံးဆီဖူလုံမှု ရက် ၅၀ စာ သိုလှောင်ထားရှိပြီးဖြစ်သည့်အပြင် ပုံမှန်တင်သွင်းနေသည့် လမ်းကြောင်းများအပြင် အခြားလမ်းကြောင်းများမှလည်း တင်သွင်းနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ထားမှုများရှိပြီးဖြစ်သဖြင့် ပြည်သူလူထုအနေဖြင့် စိုးရိမ်ကြောင့်ကြ၍ ဝယ်ယူမှုမပြုလုပ်ခြင်း၊ စက်သုံးဆီရောင်းချခြင်းနှင့်စပ်လျဉ်း၍ မမှန်ကန်မှုများတွေ့ရှိရပါက သက်ဆိုင်ရာ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ တိကျစွာ တိုင်ကြားမှုများ ပြုလုပ်ခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန



## KIP ဆိပ်ကမ်းသို့ MT TIRTASARI ဆီတင်သင်္ဘောကြီးဆိုက်ကပ် စားသုံးဆီနှင့် စက်မှုကုန်ကြမ်းများ စတင်ဖြန့်ဖြူး

**ရန်ကုန် မတ် ၂၂**

ပြည်တွင်း စားသုံးဆီဖူလုံမှုရှိစေရန်နှင့် စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောကုန်ကြမ်းများ အချိန်မီဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ MT TIRTA-SARI အမည်ရှိ ဆီတင်သင်္ဘောကြီးသည် ရန်ကုန်မြို့ (K.I.P Port)သို့ မတ် ၂၁ ရက် ညပိုင်းက ဆိုက်ကပ်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သင်္ဘောပေါ်တွင်ပါရှိသောဆီများ၏ အရည်အသွေးနှင့် အလေးချိန် တိကျမှန်ကန်မှုရှိစေရန်အတွက် စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးရေး ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ဦးဆောင်၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာနမှအဖွဲ့ဝင်များ၊ ကုန်ကြီးကြပ်ရေးအဖွဲ့နှင့် MITS အဖွဲ့တို့က ကွင်းဆင်းစစ်ဆေးကြသည်။

MT TIRTASARI သင်္ဘောသည် ယမန်နေ့ည ၁၀ နာရီ ၅၄ မိနစ်တွင် ကုန်ချလုပ်ငန်းစဉ်များ အားလုံးပြီးစီးခဲ့ကြောင်းနှင့် ယခုကဲ့သို့ စနစ်တကျစစ်ဆေးတင်သွင်းခြင်းကြောင့် ပြည်သူများထံသို့ အရည်အသွေးမီ စားသုံးဆီများကို စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မိုး**

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကာရာဘောင်းလိဂ်ဖလား ချန်ပီယံဆုကို မန်စီးတီးအသင်း ဆွတ်ခူး

**လန်ဒန် မတ် ၂၃**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကာရာဘောင်းလိဂ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီက မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။




မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆၀ မိနစ်နှင့် ၆၄ မိနစ်တွင် အိုရိုင်လီက သွင်းယူပေးနိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ကာရာဘောင်းလိဂ်ဖလား ချန်ပီယံဆုကို (၉)ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သည်။

မန်စီးတီးအသင်းထုတ်ပြန်ချက်တွင် "အသင်းအနေနဲ့ အခုလို ကာရာဘောင်းလိဂ်ဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းချန်ပီယံဆု ရရှိအောင် အစွမ်းကုန်ကြိုးစားခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

(NGB)

## ရိုးမားအသင်းက လက်ချီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**တူရင် မတ် ၂၃**

အီတလီစီးရီးအေ ပွဲစဉ်(၃၀)အဖြစ် ရိုးမားအသင်းနှင့် လက်ချီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရိုးမားအသင်းက လက်ချီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရိုးမားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ရိုဘင်နီယိုဗာဇ်က သွင်းယူပေးခဲ့သည်။

ရိုးမားအသင်းသည် အီတလီစီးရီးအေ ပွဲစဉ်(၃၀)ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၅၄ မှတ်ဖြင့် အဆင့် (၆)နေရာတွင် ရပ်တည်လျက်ရှိသည်။

ရိုးမားအသင်းသည် အီတလီစီးရီးအေပွဲစဉ်အဖြစ် လာမည့် ဧပြီ ၆ ရက်တွင် အင်တာမီလန်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

